ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၈)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၄ ရက်က မုံရွာတက္ကသိုလ်၌ မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြနည်းပြများ၊ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ကိုထိန်းသိမ်းကာကွယ်တည်ဆောက်နိုင်ရေး ထူးချွန်ထက်မြက်သူများပေါ်ထွန်းရန်အရေးကြီး
အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်တင်ပေးနိုင်ရန် မူဝါဒလမ်းစဉ်ချမှတ်ထားပြီးဖြစ်
နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်အောင်မြင်ရေး နိုင်ငံတော်နှင့်အတူပူးပေါင်းအကောင်အထည်ဖော်

ရန်ကုန် ဇွန် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့ လိုက်ပါလျက် ဇွန် ၁၄ ရက် နံနက်ဈ နာရီတွင် မုံရွာမြို့ ခုတင်(၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လေးခိုင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။



ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လူနာခန်း၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကြည့်ရှုလူနာခန်း၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အပိုင်းလိုက်တည်ဆောက်

ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လေးခိုင်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၏ တည်နေရာနှင့် အဆောက်အအုံများ၏ အကွက်ချပုံစံ၊ ကုသရေးလုပ်ငန်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးကို ဆေးရုံအင်္ဂါရပ်နှင့်ညီညွတ်စေရန် ရွေးချယ်သတ်မှတ်ပေးသည့်အတိုင်း ပြုပြင်မွမ်းမံဖွယ်ရာများ၊ တိုးချဲ့ဆောက်လုပ်ဖွယ်ရာများကို အပိုင်းလိုက်တည်ဆောက်သွားရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၁၄ ရက်က မုံရွာမြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

17-6 (01).p65 1 03/24/1905, 3:51 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အရှိန် အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်ဆောင်ရာတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးအကြီးဆုံးအဆင့်လည်း ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် ဇွန်လ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ကလေးတက္ကသိုလ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်—

"ယခု ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားညီလာခံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးအကြီးဆုံးအဆင့်လည်းဖြစ်ကြောင်း၊ ယင်းညီလာခံ၌ ပြည်နယ်၊ တိုင်းများအလိုက် တိုင်းရင်းသားကိုယ်စားလှယ်များရော လူထုလူတန်းစား ကိုယ်စား လှယ်များပါ စုံညီစွာတက်ရောက်လျက်ရှိကြကြောင်း၊ ယင်းညီလာခံကြီး အောင်မြင်ရေးအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်စလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တက္ကသိုလ်ဆရာ ဆရာမများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း"

ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားညီအစ်ကိုများ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုအစဉ်အလာရှိခဲ့ပြီး ဖြစ်သည်။

ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုဖြင့် ဖွဲ့စည်းထူထောင်ထားပြီးသော ပြည်ထောင်စုကြီး ရေရှည် တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုး အားလုံး၏ အကျိုးစီးပွားကို မျှမျှတတ မှန်မှန်ကန်ကန် ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။ လူမျိုးတစ်မျိုး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ဖွဲ့တို့အတွက်ကိုသာ အလေးထား ခွဲခြား ဆောင်ရွက်ခြင်းမျိုး မဖြစ်သင့်ပေ။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အချိတ်အဆက် မိမိ ချမှတ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး စသည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းရေးကို အလေးပေးဆောင်ရွက်နေခြင်း ဖြစ်သည်။

သာဓကအားဖြင့် ချင်းပြည်နယ်မှ ကျောင်းသူကျောင်းသားများ လွယ်လင့်တကူ လက်လှမ်းတစ်မီ တက္ကသိုလ်ပညာများ သင်ကြားနိုင်ရန် ချင်းပြည်နယ်နှင့် ဆက်စပ်နေသည့်ဒေသ၌ ကလေးတက္ကသိုလ်ကို ထူထောင်ပေးထားခြင်း ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်နယ်၊ တိုင်း တစ်ခုလျှင် တက္ကသိုလ်တစ်ခုကျစီ ဖွင့်လှစ်ခြင်းမဟုတ်ဘဲ ပြည်နယ်၊ တိုင်းတစ်ခုတည်းမှာပင် လိုအပ်ပါက နှစ်ခုဖြစ်စေ၊ သုံးခုဖြစ်စေ လိုအပ်လျှင် လိုအပ်သကဲ့သို့ တက္ကသိုလ်များကို ထူထောင်ပေးနေခြင်းဖြစ်သည်။ ဥပမာ တနင်္သာရီတိုင်း၌ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ် စသည်ဖြင့် ဖွင့်လှစ်ထားသကဲ့သို့ ရှမ်းပြည်နယ်၌လည်း တောင်ကြီးတက္ကသိုလ်၊ လားရှိုးဒီဂရီကောလိပ်၊ ကျိုင်းတုံဒီဂရီကောလိပ်၊ ပင်လုံတက္ကသိုလ်တို့ကို ဒေသလိုအပ်ချက်အပေါ်တွင် မူတည်၍ ထူထောင်ဖွင့်လှစ်ပေးထားခြင်းဖြစ်ရာ ပြည်နယ်၊ တိုင်းတစ်ခုအတွင်း၌ပင် တက္ကသိုလ် တစ်ခုတည်းမက ရှိနေမှုများကို အထင်အရှား တွေ့မြင်နိုင်သည်။

ကလေးတက္ကသိုလ်သည်လည်း ချင်းပြည်နယ်နှင့် ကလေးဒေသအတွက် အခြားတက္ကသိုလ်များ နည်းတူ အဆင့်အတန်းရှိသည့် တက္ကသိုလ်ကြီးဖြစ်စေရန် ဝိုင်းဝန်းပျိုးထောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအပါဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးတို့အတွက် တက္ကသိုလ်ဆရာ ဆရာမများအပါအဝင်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၇-၆-၂၀၀၄
(ကြာသပတေးနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Myanmar Timber Elephants (အင်္ဂလိပ်စာ-အင်္ဂလိပ်စာအထူးပြု)
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း-၅)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၂၇)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နည်းပြသင်တန်းဖွင့် ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နည်းပြသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်း အနားကို ယမန်နေ့နံနက် ၇ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း သင်တန်းခန်းမဆောင်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲဦးစီး အရာရှိချုပ်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက် ကြသည်။ သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နည်းပြသင်တန်း အမှတ်စဉ်(၃)ကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သွား မည်ဖြစ်ပြီး သင်တန်းသားအရာရှိ ၇၃ ဦး တက်ရောက်ကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ကမ်းနား အလယ် ရပ်ကွက် နေထိုင်သူများအား နိုင်ငံ သားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇွန် ၁၄ ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးရဲထွန်း က နိုင်ငံသား စိစစ်ရေးကတ်ပြား များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းဟံ သို့ ပေးအပ်စဉ်။ (ဝ၄၆)

စာပေဗိမာန်စာမူဆုပြိုင်ပွဲ(၂၀၀၃)အတွက် ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၆

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၃ ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု(၂၀၀၃)ခုနှစ်အတွက် J.M.Roberts ရေးသားသည့် "The Penguin History of the Twentieth Century " မှ ရွေးချယ်ကောက်နုတ်ထားသည့် "CHANGING MINDS" ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ (၅၂၉/၅၃၁)၊ ကုန်သည်လမ်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်၌ ငွေကျပ် ၁၈၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ကြောင်းနှင့် ယင်းပုံစံနှင့် စည်းကမ်းချက် များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ် ၃၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ငွေကျပ် ၄၀ ကို ငွေသား၊ သို့မဟုတ် တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်သည်။

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှ ဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းဖိုးငွေကျပ် ၄၀ စုစုပေါင်းငွေကျပ် ၂၂၀ ကို ငွေပို့လွှာဖြင့် အထက်ပါလိပ်စာအတိုင်း မှာယူရရှိနိုင်သည်။ ဘာသာပြန်စာမူကို ၃၀-၉-၂၀၀၄ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၆

ပဲခူးမြို့ ကြခတ်ဝိုင်းစာသင်တိုက်၏ပဓာနနာယကတွဲဖက် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ကြခတ်ဝိုင်းဆရာတော် ဘဒ္ဒန္တဇောတိပါလအမှူးပြုသည့် စာသင်စာချ သံဃာတော်အပါး ၁၀၆၀ ကျော်တို့အား ဩဂုတ် ၁ရက်တွင် ကြခတ်ဝိုင်းစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်သဖြင့် ဝါဆိုသင်္ကန်းနှင့် ဆွမ်း၊ လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လိုသူများသည် ဖုန်း-၀၅၂-၂၁၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ပြီးစီးမှု ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယနေ့နံနက် ၉ နာရီတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းရှိ ရေတံခါးပြီးစီးမှု၊ ရေလုံကျင်းနံရံများ အချောသပ်တည်ဆောက်နေမှု၊ Portal Crane အတွက် လမ်းကြောင်းများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းနှင့် ဗားဂရာလမ်းဆုံအနီး ကမ်းထိန်းနံရံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ကမ်းနားလမ်းနှင့် ဆိပ်ကမ်းနယ်မြေများ လှပသန့်ရှင်းရေးနှင့် အဆင့်မြင့်တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ကမ်းထိန်းနံရံများ တည်ဆောက်ထားမှုအခြေအနေများကို မြေပုံကားချပ်များဖြင့်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ရောက်ရှိကြပြီး အလုံသင်္ဘောကျင်းတွင် သင်္ဘောများ လွှန်းတင်ပြင်ဆင်မှု၊ လွှန်းလမ်းများပြုပြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် တာဝန်ရှိသူများက လိုလိုလဲ့ရှင်းလင်းပြသကြသည်။ **(သတင်းစဉ်)**

★ *ကျောဖုံးမှ*

ထို့နောက် ဝန်ကြီးသည် ကင်းရွာပတ်ဝန်းကျင်ရှိ ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်မည့် ရေလှောင်တမံပြုလုပ်နိုင်သည့် နေရာအား ကြည့်ရှုပြီး ဇော်ဂျီမြစ်ဘေးဝဲယာရှိ ပင်မတမံ ဆက်စပ်နိုင်မည့် နဂါးမောက်တောင်နှင့်ကျီးကန်းတောင်တို့၏ အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေမှု

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့နယ်ရှိ မုန်တိုင်ဆည်ကန်ရေပြည့်ဝင်မှု၊ ရေထုတ်ပြွန်မှ ရေပေးမှုရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးရာ ထိန်းသိမ်းရေးတာဝန်ခံများက မုန်တိုင်ဆည်မှ မိတ္ထီလာကန်၊ ညောင်ရမ်းမင်းလှကန်နှင့် စမုန်ရေလှောင်တမံများသို့ ရေပေးမှု၊ မိုးစပါးအချိန်စော၍ စိုက်ပျိုးနိုင်ရန် ဆည်ရေသောက်ဒေသများသို့ ရေပေးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီး၌ ကျောက်တံခါးချောင်းနှင့် တောင်ဦး ချောင်းပေါ်တွင် တည်ဆောက်နေသော ကျောက်တံခါးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

တူးမြောင်းဖောက်လုပ်မှု

စီမံကိန်း ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရေလှောင်တမံတည်ဆောက်မှုအပိုင်းမှ ပင်မတမံလုပ်ငန်းရေထုတ်ပြွန်အမှတ်(၁)နှင့် ရေထုတ်ပြွန်အမှတ်(၂) ရေထိန်းမျှော်စင်များ၊ ရေပိုလွှဲပြီးစီးမှု၊ ကြက်မောက်တောင်ဆည်သို့ ရေကူချပေးမည့် ဆက်သွယ်တူးမြောင်းဖောက်လုပ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး၊ သေသပ်ခိုင်ခံ့ရေး မှာကြားပြီး ကျောက်တံခါးချောင်းအား ပိတ်ရန် တမံအောက်ခြေပိုင်းပြုလုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးမှု

ညနေပိုင်းတွင် ဝန်ကြီးသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်တွင် တည်ဆောက်နေသော တောင်ရေချောင်း ရေလှောင်တမံစီမံကိန်း၏ ကုန်းကြောဖြတ်တူးမြောင်း ဖောက်လုပ်ပြီးစီးမှု အဝင်နှင့် အထွက်ပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များအား “အဖေ့နေရာ”ရုပ်ရှင်ဇာတ်ကားဖြင့်ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၁၆

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူးပြီး သရုပ်ဆောင် ဒွေး၊ မေသန်းနု၊ သားညီ၊ မျိုးသန္တာထွန်း၊ ကြည်လဲ့လဲ့ဦးတို့ပါဝင်သရုပ်ဆောင်ထားသည့် “အဖေ့နေရာ”ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

မဟာမဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစည်းဝေး ဒေသတွင်း ကျန်းမာရေးနှင့်ပညာရေးဖြစ်ပေါ်တိုးတက်မှုဆွေးနွေး

ရန်ကုန် ဇွန် ၁၆

မဟာမဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၏ (၅)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အာရှဖွံ့ဖြိုးရေးဘဏ် မဲခေါင်ဌာနပညာရေးဆိုင်ရာ အထူးကျွမ်းကျင်သူ Mr. Paul Chang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစည်းအဝေးသို့ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူစုစုပေါင်း ၅၀ ခန့် တက်ရောက်ကြသည်။

တင်ပြ

အစည်းအဝေးနံနက်ပိုင်းတွင် မဟာမဲခေါင်ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသတွင်းကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင် ဖြစ်ပေါ်တိုးတက်လာမှု အခြေအနေများကို ဆွေးနွေးကြပြီး အဖွဲ့ဝင် ခြောက်နိုင်ငံက နိုင်ငံအလိုက် Country Report များကို တင်ပြကြသည်။

အစည်းအဝေး ညနေပိုင်းတွင် ၂၀၀၃ခုနှစ်စက်တင်ဘာလတွင်ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် ဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေး ဆုံးဖြတ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၏ စည်းမျဉ်းများ၊ ဒေသတွင်း စီမံခန့်ခွဲမှုဖွံ့ဖြိုးရေး ဖန္ဒမ်းပင်စီမံကိန်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကိုဆွေးနွေးကြပြီး ပထမနေ့ အစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းသည်။

စတင်ဖွဲ့စည်း

မဟာမဲခေါင်ဒေသအတွင်း ဆင်းရဲသားများနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်ကို ပိုမိုအကျိုးခံစားခွင့်ရှိစေရန်နှင့် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာပြဿနာများကို ပူးပေါင်းဖြေရှင်းရန် ရည်ရွယ်၍ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင် ရွက်ခဲ့သည်။ လူ့စွမ်းအားအရင်းအမြစ်စီမံကိန်းအဖြစ် အလုပ်အကိုင်ရရှိမှု မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးအပြင် ဒေသအတွင်းခုခံစွမ်းအား ရောဂါတားဆီးကာကွယ်ရေး စီမံကိန်းများနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုအကူအညီပေးရေးကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ (၅၅)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲအောင်မြင်သူ မင်္ဂလာလူရည်ချွန်ဆုချီးမြှင့်ပွဲကို ဇွန် ၁၂ ရက်က အသင်းခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီ(အငြိမ်းစားသံအမတ်ကြီး)က မင်္ဂလာလူရည်ချွန်ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၅၂)

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အလိုတော်ပြည့်ဗောဓိသုခပရဟိတကျောင်းဆရာတော်ကြွရောက်

ရန်ကုန် ဇွန် ၁၆

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ အလိုတော်ပြည့်ဗောဓိသုခ ပရဟိတကျောင်းတိုက် ပရဒေသီသံဃနာယကအဖွဲ့ဝင် ဆရာတော် ဒေါက်တာ နန္ဒောဘာသသည် ဇွန် ၁၅ ရက်က ထိုင်းလေကြောင်းဖြင့် ကာလကတ္တားမြို့မှ ရန်ကုန်မြို့သို့ ကြွရောက်လာသည်။ ဆရာတော်သည် ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အလိုတော်ပြည့်ကျောင်းတိုက်၌ ၁၅ ရက်ခန့် သီတင်းသုံးမည်ဖြစ်ရာ ဒါယကာ၊ဒါယိကာမများ တာမွေလေး၊ ပင်ရွှေညောင်လမ်း၊ အလိုတော်ပြည့်ကျောင်းတိုက်၊ ဖုန်း-၀၉-၅၀-၁၇၂၁၇၊ ၅၄၅၃၃၇၊ ၀၉-၈၀-၃၀၆၆၆သို့ ဆက်သွယ်ဖူးမြော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နံရံကပ်စာစောင်နှင့်နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ကျောက်တံတား)ကကြီးမှူး၍ ဇွန် ၁၁ ရက်နံနက်ပိုင်းတွင် လသာမြို့နယ် အမှတ်(၄)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွဲ့စည်းထူထောင်ရေးအကြောင်း ဟောပြောကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ခုနစ်ရက်သတင်းဂျာနယ် အတွဲ(၃)၊ အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

မြန်မာလုပ်သားများ ဂျပန်တွင် သင်တန်းတက်ပြီး လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရမည်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဂျပန်အဖွဲ့ အစည်းတစ်ခု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၊မြိတ်ကျွန်းစုရှိ ကျွန်းလေးကျွန်းတွင် အပန်းဖြေစခန်းတည်ဆောက်မည်၊ အာဆီယံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ တာဝန်များလွှဲပြောင်း၊ မြန်မာ ဦးပြုံးမောင်မောင်မှ စင်ကာပူ မစ္စတာဖရက်ဒီလမ်းသို့၊ မြန်မာနိုင်ငံတွင် အကြီးဆုံး မီးခံအုတ်စက်ရုံ တည်ဆောက်မည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

အင်ဒိုနီးရှား မီးတောင်ကြီးနှစ်လုံးပြာပူနှင့် မီးခိုးများမှုတ်ထုတ်နေ၊ ၁၂၂ နှစ်အတွင်း နေမင်း၊ သောကြာဂြိုဟ်နှင့် မြေကမ္ဘာဂြိုဟ်သုံးလုံးတန်း၊ အီရတ်အစိုးရသစ်ကို ကုလလုံခြုံရေးကောင်စီက ထောက်ခံ၊ ပစ္စည်းလှောင် ပစ္စည်းစုစရိုက်သည် သီးခြားစိတ်ရောဂါဟုဆိုစသည့် နိုင်ငံတကာရေးရာ သတင်းဆောင်းပါးစုံလင်စွာဖြင့် e-Empire Media House ဖုန်း- ၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(က-ပ)**

ဇွန် ၁၂ ရက်က ဒလ မြို့နယ်လုံးကျွတ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို အုံ့ကြီး အရှေ့ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့လမ်းမကြီး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များ စုပေါင်း သစ်ပင် စိုက်ပျိုးကြစဉ်။ (က-ပ)

ဘားအံမြို့ မိုးရေချိန် စံချိန်သစ်

ရန်ကုန် ဇွန် ၁၆

ဇွန် ၁၆ ရက်နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ဘားအံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၉၁ မီလီမီတာ(၇ ဒသမ ၅၂ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၉ နှစ်အတွင်း ဇွန်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၁၈၀ မီလီမီတာ (၇ ဒသမ ၀၉ လက်မ) ဖြစ်ပြီး ၁၉၇၂ ခုနှစ် ဇွန် ၂၉ ရက်က ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်း ထုတ်ပြန်သည်။ (မြန်မာ့အလင်း)

နိုင်ငံတကာ သတင်းများ

ဖောက်ခွဲခံရသောအီရတ်တောင်ပိုင်းရှိ ရေနံပိုက်လိုင်း ပြင်ဆင်ရန် ခုနစ်ရက်မှ ၁၀ ရက်အထိကြာမြင့်မည်

လန်ဒန် ဇွန် ၁၇

အီရတ်နိုင်ငံ၏တောင်ပိုင်းရှိ အဓိကရေနံတင်ပို့ရေးပိုက်လိုင်းတစ်လိုင်း ညဘက်၌ ဖောက်ခွဲဖျက်ဆီးခြင်းခံရပြီးနောက် ပြန်လည်ပြင်ဆင်ရန်မှာ ခုနစ်ရက်မှ ၁၀ရက်အထိ ကြာမည်ဟု အီရတ်စက်မှုလုပ်ငန်းအရာရှိ တစ်ဦးက အင်္ဂါနေ့၌ ပြောကြားသည်။

ပင်လယ်ကွေ့ရှိ ဘာဆရာ ရေနံတင်ပို့ရေးဆိပ်ကမ်းမှ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ရေနံစည် ၅၀၀၀၀၀ အောက် လျော့ပြီး တင်ပို့ပေးခဲ့ရာမှ လုံးဝရပ်ဆိုင်းသွားခဲ့သည်။ ပုံမှန်အားဖြင့် အဆိုပါရေနံတင်ပို့ရေးဆိပ်ကမ်းသည် တစ်နေ့လျှင် ရေနံစည် ၁၃သမ ၇သန်းထိ တင်ပို့ပေးသည်။

ယခုအခါ ထိုရေနံ တင်ပို့ရာဆိပ်ကမ်းမှ ရေနံတင်ပို့ခြင်းလည်း မရှိ၊ ရေနံများ လက်ခံရရှိခြင်းလည်း မရှိကြောင်း ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

စက်မှုလုပ်ငန်း သတင်းရပ်ကွက်များက ဒုတိယ ရေနံတင်ပို့သော ပိုက်လိုင်းသည် ပျက်စီးပုံမရသော်လည်း လုံခြုံရေးစစ်ဆေးရန်အတွက် ပိတ်ထားရဖွယ်ရှိသည်ဟု ပြောဆိုကြသည်။

ရေနံဝန်ကြီး သာမီယာဂက်ဒ်ဘင်က အစောပိုင်း၌ အီရတ်နိုင်ငံတောင်ပိုင်းတွင် ဖောက်ခွဲတိုက်ခိုက်မှုနှစ်ခုရှိကြောင်း၊ ပိုက်လိုင်းတစ်ခုတည်းကို တိုက်ခိုက်ခြင်းသို့မဟုတ် အခြားသော ပိုက်လိုင်းကို တိုက်ခိုက်ခြင်းဟုတ်မဟုတ်ချက်ချင်း မသိရသေးဟု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား
သေဆုံးသူ ၁၃ဦးတွင် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးပါဝင်

လန်ဒန် ဇွန် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲသော အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ၌ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း ဗြိတိသျှနိုင်ငံခြားရေးရုံးက တနင်္လာနေ့တွင် အတည်ပြုပြောကြားလိုက်သည်။

သေဆုံးသူ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ အမည်များကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း၊ ၎င်းတို့၏ မိသားစုများအားလည်း အကြောင်းမကြားထားကြောင်း ဗြိတိသျှနိုင်ငံခြားရေး ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။

တနင်္လာနေ့က ဘဂ္ဂဒက်မြို့ လူသွားလူလာများသော လမ်းတစ်လမ်းပေါ်တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ၁၃ဦး သေဆုံးပြီး ဒါဇင်အချို့ ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

ယင်းသေဆုံးသူများထဲတွင် နိုင်ငံခြားသားငါးဦးပါဝင်ကြောင်း၊ သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။ ယင်းပေါက်ကွဲမှုသည် အဆိုပါ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်ခုနစ်ဦးသေဆုံးခဲ့ရပြီးနောက် တစ်နေ့တည်းတွင် ဖြစ်ပွားခဲ့ကြောင်း ဖြစ်သည်။

အမေရိကန်နှင့် အီရတ်တာဝန်ရှိသူများသည် ဇွန် ၃၀ရက် အာဏာလွှဲပြောင်းရေးဆီသို့ ရွေ့လျားလာသည်နှင့်အမျှ အီရတ်တွင် သွေးထွက်သံယိုမှုများ တိုးလာသည်ကို စိုးရိမ်နေကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးဆေးရုံ၌ ဆေးကုသမှုခံယူရန် ရောက်ရှိလာသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်သံတမန်နှင့် စစ်ဘက်ခေါင်းဆောင်ဟောင်း ၂၆ ဦးပါ အုပ်စု သမ္မတရွေးကောက်ပွဲ၌ ဘုရှ် ရှုံးနိမ့်မည်ဟု ကြေညာချက်ထုတ်ပြန်

လော့စ်အိန်ဂျလိစ် ဇွန် ၁၄

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်နေကြသော အမေရိကန်သံတမန်နှင့် စစ်ဘက်ခေါင်းဆောင်ဟောင်း ၂၆ ဦးပါအုပ်စုက ဘုရှ်သည် လာမည့်နိုဝင်ဘာလ၌ ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ အရေးနိမ့်မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ကြသည်။

ရီပတ်ဘလစ်ကင်သမ္မတရော်နယ်ရေဂင်နှင့် ဂျော့ချ်အိတ်ချ်ဒဗလျူဘုရှ်တို့ လက်ထက်ကအဓိက နေရာများတွင် ခန့်ထားခြင်းခံခဲ့ကြရသော အဆိုပါသံတမန်ဟောင်းများနှင့် စစ်ဘက်ခေါင်းဆောင်များက ဘုရှ်သည် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးကို ဖျက်ဆီးကြောင်း၊ နိုဝင်ဘာလ၌အရေးနိမ့်မည် ဖြစ်ကြောင်း ပူးတွဲကြေညာချက်ကို လက်မှတ်ထိုးပြီး ထုတ်ပြန်ရန်စီစဉ်ခဲ့ကြသည်။ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သံတမန်များနှင့် စစ်ဘက်တပ်မှူးများဟုဆိုသော အဆိုပါအုပ်စုသည် ဘုရှ်၏ နိုင်ငံခြားရေးမူဝါဒကို ပြစ်တင်ရှုတ်ချကြမည်ဟု လက်ရှိသမ္မတဘုရှ်၏ ဖခင်လက်ထက်က အစ္စရေးဆိုင်ရာ အမေရိကန်သံအမတ်ဖြစ်ခဲ့သူ ဝီလီယမ် ဟာရော့ပ်က ပြောကြားသည်။

ဖော်ပြ

ဘုရှ်၏မူဝါဒသည် အစဉ်အလာပေါင်းဖော်ဘက် နိုင်ငံများက ယုံကြည်မှုကုန်ခန်းခြင်းနှင့် အယ်လ်ခိုင်ဒါကို ဆန့်ကျင်တိုက်ခိုက်သော စစ်ပွဲမှနေ၍ အီရတ်ကို ကျူးကျော်ဝင်ရောက်ခြင်းသို့ ပြောင်းလဲသွားခြင်းတို့ကြောင့် အမေရိကန် လုံခြုံရေးကို အားနည်းစေခဲ့ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ပါဝင်

ယခု ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးသူများတွင် ရီပတ်ဘလစ်ကင်နှင့် ဒီမိုကရက်ပါတီ နှစ်ဖွဲ့စလုံး၏ သမ္မတများကခန့်အပ်ခဲ့သော အစ္စရေး ယခင်ဆိုဗီယက်ပြည်ထောင်စုနှင့်ဆော်ဒီအာရေဗျအပါအဝင်နိုင်ငံများဆိုင်ရာ အမေရိကန်သံအမတ်ကြီးများ ပါဝင်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အကျဉ်းသားများအား မတရားနှိပ်စက်မှု သတင်းမထွက်မီကပင် စစ်ဆေးရေးအဖွဲ့က အစီရင်ခံခဲ့

နယူးယောက် ဇွန် ၁၅

အကျဉ်းသားများအား မတရားနှိပ်စက်သည်ဆိုသောသတင်းကို သိရှိကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောကြားခြင်းမပြုမီ နှစ်လအလို ၂၀၀၃ခုနှစ် နိုဝင်ဘာလ၌ အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားများအား မတရားနှိပ်စက်မှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရေးတပ်ဖွဲ့က အစီရင်ခံခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ စာရွက်စာတန်းများ၌ ဖော်ပြထားသည်ဟု နယူးယောက်တိုင်းမ်က တနင်္လာနေ့၌ ရေးသားလိုက်သည်။

နယူးယောက်တိုင်းမ်သည် အကျဉ်းထောင်၌ တာဝန်ကျသော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းချက်များအား ကိုးကားရေးသားခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာ၌ အဆင့်မြင့်အရာရှိများသို့ အစီရင်ခံသော မတရားနှိပ်စက်မှုစွဲချက်များတွင် မျက်စိကိုအဝတ်စည်းထားသည့် အီရတ်ဗိုလ်ချုပ်ငါးယောက်ကို ရိုက်နှက်မှုများလည်း ပါဝင်ခဲ့သည်ဟု သတင်းစာက ရေးသားသည်။

ဤအကျဉ်းသားများ မတရားနှိပ်စက်မှု အရုပ်အထွေးမပေါ်ပေါက်မီ ကာလကြာမြင့်စွာကပင် မိမိတို့အစီရင်ခံခဲ့ကြောင်း အမည်မဖော်ပြနိုင်သော စစ်ဘက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောဆိုချက်ကို သတင်းစာကကိုးကားဖော်ပြသည်။ နယူးယောက်တိုင်းမ်သည် အဆိုပါ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်အချို့အား ဂျာမနီနှင့်အမေရိကန်ပြည်ထောင်စုတွင် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာ စာရွက်စာတန်းများတွင် မတရားနှိပ်စက်သည့်အမှု ၂၀ထက်မနည်း ပါဝင်ကြောင်း စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကိုရည်ညွှန်းလျက် သတင်းစာက ရေးသားသည်။

စစ်ဆေးမေးမြန်းရေးတပ်ဖွဲ့သည် အစီရင်ခံစာကို နောက်ဆုံးအတည်ပြုရန်အတွက် အီရတ်ရှိ အမေရိကန်ချုပ်ကိုင်သော အကျဉ်းထောင်များကြီးကြပ်သူ ဗိုလ်မှူးချုပ်ဂျယ်နစ်ကာပင်စကီ၊ အီရတ်ရှိ စစ်ဘက်ထောက်လှမ်းရေးအရာရှိချုပ် ဗိုလ်မှူးချုပ် ဘာဘာရာဖတ်စ်တို့ပါဝင်သော အဖွဲ့ဝင်သုံးဦးပါ အဖွဲ့သို့ ပေးပို့ခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

ဆန္ဒပြ

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ညှဉ်းပန်းမှုနှင့် အီရတ်ကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်မှုအဆုံးသတ်ရေး ဆန္ဒပြနေသူများကို တူရကီနိုင်ငံ အဇာမီရာမြို့တွင် ဇွန် ၁၅ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလိပ်ရေလက်ကြားကို ကားဖြင့်ဖြတ်မောင်းမည်
ယခင်စံချိန်ခြောက်နာရီကို နှစ်နာရီဖြင့် စံချိန်ချိုးရန်ရည်ရွယ်

လန်ဒန် ဇွန် ၁၄

ဗားဂျင်းကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ရစ်ချက်ဘရန်ဆန်သည် စွန့်စားမှုများကို စိတ်ဝင်စားသူဖြစ်ပြီး ၎င်းသည် ဗားဂျင်းအတ္တလန်တစ် လေကြောင်းလိုင်းတည်ထောင်ခဲ့သော နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ်အဖြစ် ကမ္ဘာ့စံချိန်များမှတ်တမ်းတင်ဖြစ်စေရန် အင်္ဂလိပ်ရေလက်ကြားကို ကားဖြင့်ဖြတ်သန်းမောင်းနှင်မည်ဖြစ်သည်။

မောင်းနှင်မည်

ဘရန်ဆန်သည် အင်္ဂလိပ် ရေလက်ကြားကို ဗြိတိန်ထုတ် ပထမဦးဆုံး မော်ဒယ်ဖြစ်သော အကွားတစ်ကားဖြင့် ဖြတ်သန်းမောင်းနှင်မည်ဖြစ်သည်။

ရည်ရွယ်

အဆိုပါ အကွားတစ်ကားသည် ရေထဲ၌ တစ်နာရီမိုင် ၃၀နှုန်းဖြင့်လည်းကောင်း၊ မြေပြင်၌ တစ်နာရီ မိုင် ၁၂၀ နှုန်းဖြင့်လည်းကောင်း မောင်းနှင်နိုင်သော ကားအမျိုးအစားဖြစ်သည်။ ရာသီဥတု အခြေအနေကောင်းမွန်ပါက စီစဉ်ထားသည့်အတိုင်း အင်္ဂါနေ့၌ ခရီးစတင်မည်ဖြစ်သည်။

အင်္ဂလိပ်ရေလက်ကြားကို ဖြတ်သန်းသော လက်ရှိစံချိန်မှာ ခြောက်နာရီဖြစ်ပြီး ဘရန်ဆန်သည် နှစ်နာရီနှင့် အရောက်ဖြတ်သန်းနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်ပြည်သူများ၏လုံခြုံရေးအကာအကွယ်မပေးနိုင်မှု ကန်နှင့်အပေါင်းပါတပ်ဖွဲ့များကို အီရတ်ပြည်သူတို့ ဒေါသထွက်

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်တို့ထံ အုပ်ချုပ်ရေးလွှဲပြောင်းပေးရမည့်ရက် ပိုနီးကပ်လာသည်နှင့်အမျှ နိုင်ငံအတွင်း ပဋိပက္ခဖြစ်ပွားမှုများ ပိုမိုမြင့်မားလာမည်ဟု အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့မှ တာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်နှင့်အတူ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ၁၅ ရက်သာလိုတော့သည့်အချိန်၌ တိုက်ခိုက်မှုများ ပိုမိုတိုးမြင့်လာလျက်ရှိသည်။

ဘဂ္ဂဒက်မြို့တွင် ယမန်နေ့က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများတွင် လူ ၁၆ ဦးသေဆုံးခဲ့ရပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။ အီရတ် ကြားဖြတ်ဝန်ကြီးချုပ်က လုံခြုံရေး တိုးတက်မှုရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အခြေအနေမှာ တိုးတက်မှုမရှိဘဲရှိသည်။ ယမန်နေ့က လူအသွားအလာများချိန်၌ ဖြစ်ပွားခဲ့သော အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် အီရတ်ပြည်သူတို့၏ လက်ချက်မဟုတ်ကြောင်း၊ အီရတ် ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

သံသယဖြစ်

အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ရာတွင် ကားအတွင်း ကီလိုဂရမ်ငါးရာအလေးချိန်ရှိ ဖောက်ခွဲရေးပစ္စည်းများကို တပ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျော်ဒန်ဝရမ်းပြေးတစ်ဦးဖြစ်သူ မူဆန်အဘူဇာကာဝီ၏ လက်ချက်ဖြစ်မည်ဟု အီရတ်တို့က သံသယဖြစ်လျက်ရှိသည်။

ပြင်းထန်

ပြည်သူများ၏ လုံခြုံရေးကို အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များက သေချာစွာအကာအကွယ်မပေးနိုင်သည့်အတွက် အီရတ်ပြည်သူတို့က အမေရိကန်တို့အား ဒေါသထွက်လျက်ရှိသည်။အမေရိကန်တို့က အီရတ်တို့အား မိမိတို့၏ လုံခြုံရေးအတွက် အချင်းချင်းစည်းလုံးကာကွယ်စောင့်ရှောက်ရန်သာ ပြောကြားလျက်ရှိသည်။ ယခုအခါ အီရတ်နိုင်ငံမှာ နေ့စဉ်နှင့်အမျှ အသေခံတိုက်ခိုက်မှုများရှိနေပြီး တိုက်ခိုက်မှုတိုင်းသည် အလွန်ပြင်းထန်သည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အယ်လ်ဆာဒါကို ထောက်ခံကြောင်း ကြွေးကြော်ကာ အမေရိကန်ဆန့်ကျင်ရေး သေနတ်ကိုင်မြှောက်ဆန္ဒပြနေသော အီရတ်အမျိုးသမီးကြီးတစ်ဦးကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲ အကြိုကာလ ထောက်လှမ်းရေးအစီရင်ခံစာ စီအိုင်အေအချိန်ဆွဲထားဟု ကန်လွှတ်တော်အမတ်အချို့စွပ်စွဲ

ဝါရှင်တန် ဇွန် ၁၄

အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)သည် အရေးကြီးသော အီရတ်ဆိုင်ရာ စစ်ကြိုကာလ ထောက်လှမ်းရေးအစီရင်ခံစာကို အချိန်ဆွဲထားခဲ့ကြောင်း အမေရိကန်ဥပဒေပြု အမတ်အချို့က စွပ်စွဲလိုက်သည်။

ထုတ်ပြန်ရန်အတွက် အစီရင်ခံစာကို ရှင်းရှင်းလင်းလင်းဖြစ်စေရန် စီအိုင်အေအရာရှိများအား အထက်လွှတ်တော်ထောက်လှမ်းရေးကော်မတီဆိုင်ရာ ရီပတ်ဘလစ်ကင်နှင့် ဒီမိုကရက် ထိပ်တန်းအရာရှိများက တိုက်တွန်းခဲ့သည်။

စီအိုင်အေ အရာရှိများသည် ထိုအစီရင်ခံစာကို မထုတ်ပြန်လိုခဲ့ကြောင်း အနောက်ဗာဂျီနီးယားဒီမိုကရက် အထက်လွှတ်တော်အမတ် ဂျေးရော့ခ်ဖဲလားက ပြောကြားသည်။

မှတ်ယူ

အထက်လွှတ်တော်ထောက်လှမ်းရေးကော်မတီ၏ ရီပတ်ဘလစ်ကင် ဥက္ကဋ္ဌက စီအိုင်အေသည် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးအစီရင်ခံစာကို လျှို့ဝှက်ထားသည်ဟု မှတ်ယူကြောင်း ပြောဆိုသည်။

ပြောဆို

အီရတ်စစ်ပွဲဖြစ်ပွားမှုအပေါ် အမေရိကန် ထောက်လှမ်းရေးအစီရင်ခံစာနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုပြစ်တင်မှုများကို ရီပတ်ဘလစ်ကင်နှင့် ဒီမိုကရက်ထိပ်တန်းအရာရှိများက ယခင်ကတည်းက ပြောဆိုခဲ့ကြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံတွင် အနောက်နိုင်ငံသားများအား ပစ်မှတ်ထား တိုက်ခိုက်လာ

ဘဂ္ဂဒက် ဇွန် ၁၅

ဘဂ္ဂဒက်၌ နောက်ဆုံးဖြစ်ပွားသော ပေါက်ကွဲမှုသည် အနောက်နိုင်ငံသားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဘဂ္ဂဒက်မြို့ရှိ လွတ်လပ်ရေးရင်ပြင်အနီးတွင် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ၌ အနည်းဆုံးလူ ၁၃ ဦးသေဆုံးခဲ့ရသည်။ သေဆုံးခဲ့သောနိုင်ငံခြားသား ငါးဦးထဲတွင် ဂျီအီးလျှပ်စစ်ကုမ္ပဏီမှ အလုပ်သမားသုံးဦးနှင့် အဆိုပါကုမ္ပဏီက ငှားရမ်းထားသော လုံခြုံရေးဝန်ထမ်း နှစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

ယခုတိုက်ခိုက်မှုမှာ တာဝန်ရှိသူများကို တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ယခုဖြစ်ပွားခဲ့သော ဖြစ်ရပ်သည် ယခုလအတွင်း ၁၇ ခုမြောက် ကားဗုံးပေါက်ကွဲမှုဖြစ်သည်။ တိုက်ခိုက်မှုဖြစ်ပွားရာနေရာသို့ ရောက်ရှိလာသော အီရတ်လူအုပ်ကြီးက အမေရိကန်တို့ကို ဒေါသထွက်ကာ ဟစ်အော် ဆန္ဒပြခဲ့ကြသည်။

ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ၌ အီရတ်ရဲတပ်ဖွဲ့ဝင် လေးဦးအပါအဝင် အီရတ် ၁၂ဦး သေဆုံးခဲ့သည်။ဘဂ္ဂဒက်မြို့အပါအဝင် အီရတ်နိုင်ငံတစ်ဝန်း၌ လုံခြုံရေး တည်ငြိမ်အေးချမ်းမှုမရှိဖြစ်လျက်ရှိသည်။ **(စီအင်န်အင်န်)**

နျူလက်နက်ထုတ်လုပ်ရန်ကြိုးစားနေကြောင်း ကန်၏စွပ်စွဲပြောဆိုချက် အီရန်ငြင်းဆို

တီဟီရန် ဇွန် ၁၅

အီရန်နိုင်ငံသည် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးမှူးများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ကြောင်း နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲဖြစ်သူ မိုဟာမက်အယ်လ်ဘာရာဒီက ဗီယင်နာမြို့မှာ ကျင်းပလျက်ရှိသည့် အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာကိစ္စကို ပြန်လည်သုံးသပ်သော အိုင်အေအီးအေဘုတ်အဖွဲ့ဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

အီရန်နိုင်ငံတွင် ယူရေနီယမ်ဓာတ်သတ္တုမြင့်မားမှုကို ရှာဖွေတွေ့ရှိခဲ့သည့် စက်ရုံများနှင့်ပတ်သက်ပြီး မေးမြန်းစရာ မေးခွန်းများကျန်ရှိနေသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။

သတိပေး

ကုလသမဂ္ဂ စစ်ဆေးရေးမှူးများနှင့်အတူ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အီရန်နိုင်ငံက ပြောကြားခဲ့ပြီး နောက်ထပ်အလွန်အကျွံတောင်းဆိုမှုများကို ငြင်းပယ်မည်ဖြစ်ကြောင်းလည်း အီရန်နိုင်ငံက သတိပေးခဲ့သည်။

သုံးစွဲမည်

နျူကလီးယားလက်နက်များထုတ်လုပ်ရန် အီရန်က ကြိုးစားနေသည်ဆိုသော် အမေရိကန်နိုင်ငံ၏ ပြောကြားချက်ကို အီရန်နိုင်ငံက ငြင်းဆိုခဲ့ပြီး နိုင်ငံလိုအပ်ချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်သာ သုံးစွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရတ်တွင် သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၈၂၇ ဦးရှိပြီ

ဘဂ္ဂဒက် ဇွန် ၁၆

လွန်ခဲ့သည့်နှစ်တွင် အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစပြီး ၂၀၀၄ ခုနှစ် ဇွန် ၁၅ ရက် အင်္ဂါနေ့ရောက်ချိန်၌ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၂၇ဦး ရှိသွားပြီဟု အမေရိကန်ကာကွယ်ရေးဌာန ကြေညာချက်အရ သိရသည်။

ထိုသေဆုံးသည့်အရေအတွက်တွင် ၆၀၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၁၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။

ထုတ်ပြန်

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၈၉ ဦးဖြစ်ပြီး ယင်းအနက်၅၀၀ မှာ တိုက်ပွဲ၌သေဆုံးကြောင်း သေဆုံးပြီး ၁၈၉ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

ဒဏ်ရာရ

ထို့ပြင် ၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်တွင် အမေရိကန်ပြည်ထောင်စုက စစ်ပွဲ စတင်ဆင်နွှဲခဲ့သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၁၃၈ဦး ဖြစ်ကြောင်း ကာကွယ်ရေးဌာနက အပတ်စဉ်ထုတ်ပြန်သော ကိန်းဂဏန်းအရ သိရသည်။

သေဆုံး

အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၈ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ လတ်ဗီးယားနှင့် နယ်သာလန် တစ်ဦးစီသေဆုံးခဲ့ကြောင်းလည်း သိရသည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးအား သယ်ပိုးလာသည် ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်တွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျ ၂၀၀၃ ခုနှစ်ဇွန်လမှစပြီး ပျက်ကျခဲ့သောကန်စစ်ရဟတ်ယာဉ် ၂၀ ကျော်ရှိပြီ

ဘဂ္ဂဒက် ဇွန် ၁၄

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် အမေရိကန်စစ်ဘက်ရဟတ်ယာဉ်အိုအိပ်ချ် ၅၈အမျိုးအစားတစ်စင်း ယနေ့ပျက်ကျခဲ့ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားသည်။

အဆိုပါအိုအိပ်ချ် ၅၈အမျိုးအစား စူးစမ်းလေ့လာရေး ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြောက်ဘက် ၁၂မိုင်ခန့်ရှိ ဘာလီလေတပ်အခြေစိုက်စခန်း၌ညနေ ၃နာရီခွဲခန့်၌ ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

စုံစမ်းနေ

ယင်းရဟတ်ယာဉ် ပျက်ကျရခြင်းသည် ပစ်ခတ်မှုကြောင့် ပျက်ကျခြင်းဖြစ်ကြောင်း၊ မဖော်ပြသော်လည်း အကြောင်းပြချက်ထုတ်ဖော်ကြေညာချက်မရှိပေ။ ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်ဟု စစ်ဌာနချုပ်က ပြောကြားသည်။

ဆုံးရှုံး

ယခုရဟတ်ယာဉ် ပျက်ကျမှုတွင် ရဟတ်ယာဉ်စစ်မှုထမ်းများ ထိခိုက်မှု မရှိဟုဆိုသည်။ ၂၀၀၃ ခုနှစ် ဇွန်လမှစပြီးပစ်ခတ်ခံမှုကြောင့် ရဟတ်ယာဉ် ၂၀ကျော်ရှိပြီး အမေရိကန်စစ်ဘက်ဆိုင်ရာက ဆုံးရှုံးခဲ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် မီးလောင်နေသော မော်တော်ယာဉ်များကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုအရှိန် မြင့်တက်လာနေ ဘုရှ်၏ အီရတ်ဆိုင်ရာမူဝါဒအပေါ် ဝေဖန်ပြစ်တင်မှုများ တိုးမြင့်လာ

ဘဂ္ဂဒက် ဇွန် ၁၄

အမေရိကန်တို့က အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် သတ်မှတ်ရက်သည် သီတင်းပတ်နှစ်ပတ်ကျော်သာ ကျန်ရှိတော့သည့်အချိန်တွင် အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် အမေရိကန်သမ္မတဘုရှ်၏ အီရတ်နိုင်ငံအပေါ် ထားရှိသောမူဝါဒနှင့်ပတ်သက်ပြီး ဝေဖန်ပြစ်တင်မှုများ တိုးမြင့်လာမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ယင်းသို့ တိုက်ခိုက်မှုဖြစ်ပွားနေသော်လည်း အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းရေးကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ တိုက်ခိုက်မှုအရှိန်များ မြင့်တက်လာနေရာ ယမန်နေ့က ဖြစ်ပွားသည့် ကားဗုံးပေါက်ကွဲမှုနှင့် အီရတ်အစိုးရအရာရှိများ အသတ်ခံရသော ဖြစ်ရပ်များသည် သက်သေပင်ဖြစ်သည်။ အီရတ်လက်နက်ကိုင်များနှင့် ဆက်ဒမ် သစ္စာခံများသည် တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အာဏာမလွှဲပြောင်းပေးမီကာလသည် အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့တို့အတွက် အန္တရာယ်ကြီးမားသော ကာလဖြစ်သည်ဟု အမေရိကန်နှင့် အီရတ်အရာရှိများက သတိပေးခဲ့ကြသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်ရှိ အဘူဂါရိပ် အကျဉ်းစခန်းအတွင်း အမေရိကန်တပ်ဖွဲ့က ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကို ဇွန် ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

အီရတ်အကျဉ်းသားများအား ကိုယ်ထိလက်ရောက်ကျူးလွန်မှု ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးအား တရားစွဲဆိုမည်ဟုဆို

လန်ဒန် ဇွန် ၁၅

ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား မတော်တရော် ကိုယ်ထိလက်ရောက်ကျူးလွန်သည့် ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးကို ဗြိတိန်အစိုးရက တရားစွဲဆိုမည်ဖြစ်ကြောင်း ဗြိတိသျှရှေ့နေချုပ်ရုံးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

တရားစွဲဆိုရန် တပ်ဖွဲ့ဝင် လေးဦးရှိကြောင်း၊ တရားစွဲဆိုရခြင်းအကြောင်းများမှာ သဲကြီးမဲကြီးတိုက် ခိုက်မှု၊ မတော်တရော် ကိုယ်ထိလက်ရောက် ကျူးလွန်မှုနှင့် စည်းကမ်းနှင့် အမိန့်အာဏာကို ချိုးဖောက်မှုများ ပါဝင်ကြောင်း ရှေ့နေချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က ရိုက်တာသို့ ပြောကြားသည်။

ဖော်ပြ

အဆိုပါစွဲချက်များသည် ဖမ်းဆီးထားသော ဓားစာခံများအား ပြုမူဆက်ဆံမှုများ သီးခြားစီပြုလုပ်ခဲ့သော အမှုလေးခုပါဝင်ကြောင်း ရှေ့နေချုပ်လော့ဒ်ရီးစမစ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စိုးရိမ်ဖွယ်ရာ

ယာယီအားဖြင့် ဖမ်းဆီးထား သောအရပ်သားများအား ထိုကဲ့သို့ တရားစွဲဆိုရလောက်အောင်အထိ စိုးရိမ်ဖွယ်ရာပြဿနာများဖြစ်လာရကြောင်း၊ သို့ရာတွင် အကျဉ်းစခန်းသို့မဟုတ် အကျဉ်းထောင်တစ်ခု မဟုတ်ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

သတင်းပို့

ယင်းသည် ဗြိတိသျှနိုင်ငံတွင် ခိုင်လုံသောဓာတ်ပုံအထောက်အထားများရှိပြီး ဗြိတိန်ရဲတပ်ဖွဲ့သို့လည်း သတင်းပေးပို့ထားကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

အသိပေးမည်

အဆိုပါတရားစီရင်မှုကို စစ်ခုံရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ ပြည်သူများသို့လည်း အသိပေးမည်ဖြစ်ကြောင်း၊ နေ့ရက်မသိသေးကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

ဆော်ဒီ၌ ပြန်ပေးဆွဲခံရသော အမေရိကန်တစ်ဦး ဆော်ဒီနှင့်ကန် တာဝန်ရှိသူများ ရှာဖွေနေ

ရီယာ့ဒ် ဇွန် ၁၅

တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က ပြန်ပေးဆွဲထားသည်ဆိုသော အမေရိကန်ကန်ထရိုက်တာတစ်ဦးကို ဆော်ဒီနှင့် အမေရိကန် တာဝန်ရှိသူများက ရှာဖွေလျက်ရှိသည်။ ထိုအဖွဲ့သည် စနေနေ့က သေဆုံးခဲ့သော အမေရိကန်လူမျိုး တင်းနစ်စကော့ သတ်ဖြတ်ခံရမှုတွင် တာဝန်ရှိသည်ဟုပြောကြားခဲ့သည်။ စကော့သည် ဆော်ဒီအာရေဗျတွင် ပြီးခဲ့သော သီတင်းပတ်အတွင်း၌ အသတ်ခံရသည့် ဒုတိယမြောက် အမေရိကန်လူမျိုးဖြစ်ပြီး တတိယမြောက် အနောက်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ဗြိတိန်သံရုံးတို့က ၎င်းတို့၏ နိုင်ငံသားများကို ဆော်ဒီနိုင်ငံမှ ထွက်ခွာကြရန် တိုက်တွန်းအကြံ ပြုခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဆင်းရဲသောနိုင်ငံများ ကိုယ့်အားကိုယ်ကိုး ကုန်သွယ်မှုတိုးမြှင့်ကြရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

စောပိုလို ဇွန် ၁၅

ကျယ်ပြန့်သော ကမ္ဘာ့တစ်ဝန်း ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ပိုမိုဝင်ရောက်ခွင့်ရရန်အတွက် ကြိုးပမ်းနေခိုက်တွင် ဆင်းရဲသောနိုင်ငံများသည် ကိုယ့်အားကိုယ်ကိုး ကုန်သွယ်မှုတိုးမြှင့်ခြင်းမှနေ၍ အကျိုးအမြတ်ရနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဘရာဇီး၌ ကျင်းပသော ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံ ၁၈၀တက်ရောက်သည့် ထိပ်သီးအစည်းအဝေးအဖွင့်၌ ကိုဖီအာနန်က မိန့်ခွန်းပြောကြားရာတွင် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လယ်ယာထွက်ကုန်ပစ္စည်း ဈေးကွက်သို့ဝင်ရောက်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတွင် ခွဲခြားဆက်ဆံမှုကိုဆန့်ကျင်တိုက်ခိုက်ရန်အတွက် အကောက်ခွန်အတားအဆီးများကို လျှော့ချရန် ချမ်းသာသောနိုင်ငံများကို တိုးပြီး ဖိအားပေးရန် ၎င်းကတိုက်တွန်း ပြောကြားသည်။

ထိုသို့ဆိုသော်လည်း ကိုဖီအာနန်က ဆင်းရဲသောနိုင်ငံများကိုယ်တိုင် ၎င်းတို့အချင်းချင်းပိုမိုကျယ်ပြန့်စွာ ကုန်သွယ်ခြင်းမှနေ၍ အကျိုးအမြတ်ရနိုင်ကြောင်း ပြောဆိုသည်။

ဆင်းရဲသောနိုင်ငံများအတွင်း ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဆွေးနွေးပွဲများကို အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ကြောင်း၊ ၎င်းတို့အတွင်းအကောက်ခွန်ထက်ဝက် လျှော့ချခြင်းဖြင့် ၎င်းတို့သည် အပိုကုန်သွယ်မှုတွင် ဒေါ်လာ ၁၅ဒသမ ၅ဘီလီယံရမည်ဖြစ်ကြောင်း ကိုဖီအာနန်က ကိုယ်စားလှယ်များကို စောပိုလို၌ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျေးလက်ဒေသများ သောက်သုံးရေ ရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် တရော်ကျင်း ကျေးရွာတွင် စက်ရေတွင်းဖွင့်၍ သောက်သုံးရေ ရရှိအောင် ဤသို့ ဆောင်ရွက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ရွှေဘို–မြစ်ကြီးနား ကတ္တရာလမ်း

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကချင်ပြည်နယ်လမ်းအပိုင်းတွင် ရွှေဘို–မြစ်ကြီးနား ကတ္တရာလမ်းသစ်ကို ဤသို့ ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)



ဆက်သွယ်ရေးစခန်း

တိုင်းရင်းသား ပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

လျှပ်စစ်ဓာတ်အားပေးစက်ရုံ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းဒေသ ဝန်းကျင်ရွာလေးရွာသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ၅၈ ကီလိုဝပ်ထုတ်ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရခိုင်ချောင်ဒေသ၌ ဒေသခံ ပြည်သူများ၏ စိုက်ပျိုးရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တည်ဆောက်ထားသော တံုးတင်ကန် ရေတံခါးကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

■ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ ရွှေဟောင်းမြန်မာစာပေရေးရာဌာနသို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေဟောင်းမြန်မာစာပေရေးရာဌာန အဆောက်အအုံအတွင်းခင်းကျင်းပြသထားသော နယ်လှည့်စာချ လှည်းယာဉ်၊ ပေ၊ ပုရပိုက်ပြခန်း၊ Education Resource Centre၊ စာအုပ်ပြခန်း၊ ကျောက်စာပြခန်းနှင့် မြန်မာမှုပြခန်းတို့တွင် ခင်းကျင်းပြသထားသော အမျိုးသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။

သုတေသနပြု

ရွှေဟောင်းမြန်မာစာပေရေးရာဌာန၌ ရွှေဟောင်းပေ၊ ပုရပိုက်၊ ကျောက်စာများသာမက မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများ သိမ်းဆည်းထားပြီး ပညာရှာမှီးလိုသူများ၊ ဗဟုသုတရှာမှီးလိုသူများနှင့် သုတေသီများ အလွယ်တကူ ဖတ်ရှုလေ့လာ သုတေသနပြုနိုင်ကြမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုံရွာတက္ကသိုလ်သို့ရောက်ရှိကြရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူးနှင့် ပါမောက္ခ၊ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများ၊ သရုပ်ပြ၊ နည်းပြများ၊ မုံရွာစီးပွားရေး တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်၊ ပါမောက္ခ၊ ဌာနမှူး၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကများနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

အစီအစဉ်အရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မုံရွာတက္ကသိုလ်၌ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချနေသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ကွန်ပျူတာ ၁၃၃ လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ခန့်ထားပြီး ဝန်ထမ်းအင်အားနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသောသင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကွန်ပျူတာ ၁၂၁ လုံး အသုံးပြုသင်ကြားနေသော IT စာသင်ခန်းများ၊ ကျောင်းသားဦးရေ၊ ခန့်ထားပြီးဝန်ထမ်းအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းပြောကြားရာ၌ ယခုခရီးစဉ်အတွင်းတွင် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်အတော်များများကို လှည့်လည်သွားရောက်ခဲ့ပြီး ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးဖွယ်ရာရှိသည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ကလေးမြို့သို့ရောက်ရှိစဉ် ကလေးတက္ကသိုလ်၊ ကလေးနည်းပညာကောလိပ်များသို့ ရောက်ရှိသကဲ့သို့ မုံရွာမြို့၌လည်း မုံရွာနည်းပညာ ကောလိပ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း၊ ယခု မုံရွာတက္ကသိုလ်သို့ ရောက်ရှိခိုက် ဆရာကြီး၊ ဆရာမကြီးများအား ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီမံခန့်ခွဲရေးစသည့် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရာ၌ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်မည့် ဆရာများ၊

ခင်းကျင်းပြသထားမှုကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန်၁၄ရက်က မုံရွာမြို့ ရွှေဟောင်း မြန်မာစာပေရေးရာဌာန အဆောက်အအုံအတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဆရာဝန်များ၊ အုပ်ချုပ်ရေးမှူးများ၊ အင်ဂျင်နီယာများစသည်ဖြင့် ပညာရှင်၊ ပညာတတ်များ လိုအပ်လျက်ရှိနေကြောင်း၊ နိုင်ငံတော်ကို ခေတ်မီတိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်ရာ၌ အတတ်ပညာရှင် လူ့အရင်းအမြစ်များစွာ လိုအပ်လျက်ရှိရာ ယင်းအတတ်ပညာရှင်များကို တက္ကသိုလ်၊ ကောလိပ်များကပင် မွေးထုတ်ပေးရမှာဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါလှပါကြောင်း။

ပြုစုပျိုးထောင်

မိမိတို့တက္ကသိုလ်၊ ကောလိပ်များသို့ ရောက်ရှိလာသည့် ကျောင်းသူ ကျောင်းသားများကို ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင်၊ ထူးချွန်ထက်မြက်သူများဖြစ်အောင် သင်ကြားပေးရမှာဖြစ်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာရေးကိုပါ အလေးထား လေ့ကျင့်ပေးကြရန်၊ ထို့အပြင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားရေးနှင့် ကိုက်ညီအောင် ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း။

ပြည်ထောင်စုနိုင်ငံတော်ကြီး၌ တိုင်းရင်းသားညီအစ်ကိုလူမျိုးနွယ်စု တစ်ရာကျော် စုစည်းနေထိုင်နေသည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရန် အရေးကြီးကြောင်း၊ မိမိတို့လက်ထက်၌ နယ်စွန်နယ်ဖျား နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ ပြည်သူလူထုအများစုနေထိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး ကွက်လပ်မကျန် ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ရည်ရွယ်ချက်မှာ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှု၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား ကွာဟမှု၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟနေမှုများကို လျော့နည်းကျဆင်းပြီး ဒေသအားလုံးမျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီး တိုးတက်ခိုင်မာရေးအတွက် ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တိုင်းပြည်ထူထောင်ရေး

နိုင်ငံတော်အစိုးရ၏ ယင်းသဘောထားနှင့်ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး အနာဂတ်နိုင်ငံတော်ကြီးကို ထိန်းသိမ်းကာကွယ် တည်ဆောက်နိုင်သည့် ထူးချွန်ထက်မြက်သော လူ့အရင်းအမြစ်များပေါ်ထွက်လာရန် အရေးကြီးကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက် မရှိပါက တိုင်းပြည်ထူထောင်ရေးကို ထိထိမိမိ ဆောင်ရွက်နိုင်မှာမဟုတ်ကြောင်း။

အနာဂတ်နိုင်ငံတော်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် တင်ပေးနိုင်ရန် ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ကြရာ၌ ဆရာကြီး ဆရာမကြီးများကလည်း ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မုံရွာစီးပွားရေးတက္ကသိုလ်သို့သွားရောက်၍ စာသင်ဆောင်နှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်က မုံရွာခရိုင်၏တည်နေရာနှင့် အကျယ်အဝန်း၊ ရာသီဥတုအခြေအနေ၊ မိုးရွာသွန်းမှု၊ ၂၀၀၃–၂၀၀၄ခုနှစ် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ ကြံ၊ ဝါနှင့်အခြားနှံစားသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ် စပါးအပါအဝင် သီးနှံအုပ်စုအလိုက် စိုက်ပျိုးမည့်အစီအစဉ်၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ နှစ်အလိုက်သီးနှံစိုက်ဧရိယာအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်လာမှု၊ ၂၀၀၃–၂၀၀၄ခုနှစ် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၀၄–၂၀၀၅ခုနှစ် မိုးသီးနှံ စိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ဒေသဆီဖူလုံမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် တိုင်းတစ်ခုလုံး၌ မိုးစပါးတိုးချဲ့စိုက်သွားမည့်အစီအစဉ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၄ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

နှင့် သုံးနှစ်အတွင်း စပါးစိုက်ဧက သိန်း ၂၀ပြည့်မီစွာ စိုက်ပျိုးမည့်အစီအစဉ်၊ သတ္တုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ တိုင်း၏ ဂျီဒီပီ တိုးတက်မှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အကောင်အထည်ဖော်နိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ မိမိတို့၏ယခုတစ်ခေါက်ခရီးစဉ်သည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း၊ သို့ရာတွင် ရာသီဥတု၏ အကန့်အသတ်များကြောင့် ချင်းပြည်နယ်သို့ မသွားနိုင်တော့ဘဲ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များသို့သာ တတ်နိုင်သမျှရောက်ရှိအောင်သွားရောက်ခဲ့ကြောင်း၊ ရောက်ရှိသည့်မြို့နယ်များ၏ လိုအပ်ချက်များကိုရော၊ မရောက်ရှိနိုင်သည့် မြို့နယ်များ၏ လိုအပ်ချက်များကိုပါ ပျံ့ပျံ့နှံ့နှံ့ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း။

အရေးပါသောလမ်းကြောင်း

မိမိနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းအတွက် အဓိကအရေးပါသည့် မြစ်သာမြစ်ကူးတံတား(ကလေးဝ)တံတား ဖွင့်ပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း၊ ယင်းတံတားနှင့် ယင်းတံတားတည်ရှိသော မုံရွာ–ယာကြီး–ကလေးဝ

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၄ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ကို ခေတ်မီတိုးတက်အောင်ဆောင်ရွက်ရာ၌ လူ့စွမ်းအားအရင်းအမြစ်များစွာလိုအပ် ပြည်ထောင်စုကြီး ကွက်လပ်မကျန်ဖွံ့ဖြိုးရေး ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်အကောင်အထည်ဖော်

ကားလမ်းသစ်သည် မုံရွာနှင့်ကလေးဝအကြား မဟာမြိုင်တောကို မဖြတ်တော့ဘဲ ခရီးတိုအောင်တိုက်ရိုက်ဆက် သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်၍ ခရီးအကွာအဝေးကျုံ့သွားသည့်အပြင် ခရီးသွားချိန်ကိုလည်း လျော့နည်းသွားစေကြောင်း၊ ယခင်က ကားလမ်းမရှိသဖြင့် ချင်းတွင်းမြစ်ကြောင်းကိုသာ ခက်ခက်ခဲခဲသွားလာနေခဲ့ရသည့်လမ်းတစ်လျှောက်ရှိ မြို့ပြများနှင့် ကျေးရွာများသည် ယခုဖြစ်ထွန်းလာသည့် လမ်းနှင့်တံတားကြောင့် လွယ်ကူစွာသွားလာကူးသန်းနိုင်ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားများသည်လည်း မြေပြန့်နှင့်ပိုမိုမြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်လုပ်ကိုင်နေသည့် နယ်စပ်ဒေသကုန်သွယ်ရေးမှာလည်း ပိုမိုဖွံ့ဖြိုးလာမှာဖြစ်ရာ ဤလမ်းကြီးသည် စီးပွားကုန်သွယ်ရေးအပြင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွက် အဓိကအရေးပါသောလမ်းကြောင်းဖြစ်လာကြောင်း။

နယ်မြေကျယ်ဝန်းပြီး စိုက်ပျိုးရေးနှင့် စီးပွားကုန်သွယ်မှုအရ အရေးပါသော စစ်ကိုင်းတိုင်းအတွက် နိုင်ငံတော်အပိုင်းက အမှန်တကယ်လိုအပ်သောစီးပွားရေး အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ဇွန်၁၄ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကိုရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အအုံများကို တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်၍ မြေသယံဇာတနှင့် ရေသယံဇာတပေါကြွယ်ဝသည့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၌ စိုက်ပျိုးရေးအရ အချက်အချာကျသော၊ အားကိုးရသောတိုင်းဖြစ်လာအောင် ဒေသခံပြည်သူများရော ဝန်ထမ်းများကပါ တက်ညီလက်ညီကြိုးစားကြရန် လိုအပ်ကြောင်း၊ အားထုတ်ကြိုးပမ်း ကြမည်ဆိုပါက စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏စပါးကျီ၊ အထက်မြန်မာပြည်၏ဆီအိုးကြီးဖြစ်လာမှာ သေချာကြောင်း၊ နိုင်ငံတော်အပိုင်းက တည်ဆောက်ပေးထားသော ဆည်တမံများနှင့် မြစ်ရေတင်စခန်းများ၏ အကျိုးပြုမှုကြောင့် တိုင်းနယ်မြေအတွင်း ဆည်ရေသောက် ဧရိယာမှာလည်း သိသာစွာတိုးတက်လာနေပြီ ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းကဲ့သို့ပင် နိုင်ငံတစ်ဝန်းလုံးရှိ အခြားပြည်နယ်၊ တိုင်းများ၌လည်း စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ပညာထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များမွေးထုတ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းတိုးတက်မြင့်မာရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို နိုင်ငံတော်အပိုင်းက လစ်ဟင်းမှုမရှိစေဘဲ ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးလျက်ရှိကြောင်း။

ရင်းနှီးမြှုပ်နှံပေး

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံများကို တည်ဆောက်ထူထောင်ပေးရာ၌ နိုင်ငံတော်တွင် ခနဉစ္စာပေါကြွယ်ဝနေ၍ မဟုတ်ဘဲ ရှိသည့်ခနငွေကြေးကို ခြိုးခြံချွေတာ၍ တိုင်းရင်းသားအားလုံးအတွက် မျှတစွာ သုံးစွဲရင်းနှီးမြှုပ်နှံပေးနေခြင်းဖြစ်ကြောင်း။

တစ်ဖက်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ တည်ဆောက်ပေးရင်း တစ်ဖက်ကလည်း စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ပိုင်ခွင့် အခွင့်အလမ်းများကို ခွင့်ပြုအားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား ပုဂ္ဂလိကလယ်ယာလုပ်ငန်းရှင်များ၊ တည်ဆောက်ရေး လုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန်းရှင်များ၊ ငါးပုစွန်မွေးမြူရေး လုပ်ငန်းရှင်များစသည်ဖြင့် ပုဂ္ဂလိကစီးပွားရေးအင်အားသစ်များ ပေါ်ထွက်လာခြင်းကြောင့် စီးပွားရေးကဏ္ဍ၌ ပုဂ္ဂလိကများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုသည် ပိုမိုကျယ်ပြန့်လာနေပြီဟု ဆိုရမှာဖြစ်ကြောင်း။

တိုင်းပြည်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍပါ တစ်ပါတည်း ဖွံ့ဖြိုးလာအောင် ပုဂ္ဂလိကစက်မှုကဏ္ဍကိုလည်း တိုးတက်အောင် အားပေးလျက်ရှိရာ မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်များ အပါအဝင် ပုဂ္ဂလိကစက်မှုဇုန် ၁၉ ဇုန်အထိ ဖြစ်ပေါ်လာသည့်အပြင် စက်မှုဇုန်ခွဲများလည်း ထပ်မံပေါ်ထွက်လာနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်နေသော သီးခြားစက်မှုဇုန်များလည်း ရှိနေသေးကြောင်း။

စနစ်တကျစီမံ

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အခြေခံစိုက်ပျိုးရေးကဏ္ဍကိုသာမက အခြားစီးပွားရေးကဏ္ဍများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍစသည်ဖြင့် ကဏ္ဍစုံမှ ဟန်ချက်ညီညီတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ စီမံလုပ်ကိုင်လျက်ရှိကြောင်း။

တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးဘဝတိုးတက်ခိုင်မာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရေးတို့အတွက် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူအားလုံး တစည်းတလုံးတည်း တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးလာရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာခြားနေမှုများ လျော့နည်းကျဉ်းမြောင်းစေရေးအတွက် ဆောင်ရွက်သင့်သည်များကို ဘက်ပေါင်းစုံမှ မနားမနေကြိုးပမ်းလျက်ရှိကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်၏ အနာဂတ်ခိုင်မာစေရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ စစ်မှန်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ စနစ်တကျကျင့်သုံးနိုင်ရေးတို့အတွက် မိမိနိုင်ငံ၏ အခြေအနေများနှင့် လိုက်လျောညီထွေသည့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီးလည်းဖြစ်ကြောင်း၊ ယင်းမူဝါဒလမ်းစဉ်နှင့်အညီ အောင်မြင်စွာ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်လုံးကို တစ်ဆင့်ပြီးတစ်ဆင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်အောင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးက တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မုံရွာမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မုံရွာလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၆-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၆။ အကပဒေသာ
- ၈း၂၅ ၇။ ဆပ်သွားတံတား
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Let's Go.

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use.
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၃၀ ၇။ မြန်မာစာ မြန်မာစကား
- ၁၇း၄၅ ၈။ ချင်းတို့နေထိုင်ရာတိုင်းရင်းသားကျေးရွာ
- ၁၇း၅၅ ၉။ **"အားဆေး"** မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိမ်ခြွေထွန်း (ဒါရိုက်တာ-ဓောစန္ဒာလှိုင်)
- ၁၈း၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၁၈း၁၅ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈း၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၃၁)
- ၁၉း၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"မမေ့နဲ့နော်"** (အပိုင်း-၁) ကျော်ဟိန်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၂၂း၃၀ ၂၁။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(အင်္ဂလန်နှင့် ဆွစ်ဇာလန်)**

နံနက်ပိုင်း

- ၁း၁၅ ၂၂။ Euro-2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ခရိုအေးရှားနှင့် ပြင်သစ်)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၁၆

မော်လမြိုင်ကျွန်း မြို့နယ်အသင်း (ရန်ကုန်)က မော်ကျွန်းနွယ်ဖွား တိပိဋက ပါဠိပါရဂူ တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော သံဃာတော်အပါး ၆၀ ကျော်တို့အား သတ္တမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံး ကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ ၁၂ နာရီအထိ သစ်လုပ်ငန်းဓမ္မာရုံရွှေတိဂုံဘုရားလမ်းတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်သားသမီးများ စာရင်းပေးရန်၊ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သားများ အစည်းအဝေးသို့ တက်ရောက်ရန်နှင့် လှူဒါန်းလိုသူများ ဦးသိန်းလှိုင် ဖုန်း-၂၂၀၆၁၉၊ ဦးသောင်းညွန့် ဖုန်း-၂၅၀၇၃၄၊ ဒေါက်တာ မောင်သိန်း ဖုန်း-၅၄၄၇၁၈၊ ဦးစိုးပိုင် ဖုန်း-၃၇၅၆၈၀၊ ဦးစိုးမြင့် ဖုန်း-၂၂၇၂၂၇နှင့် မြို့နယ်အသင်း ဖုန်း-၂၁၁၂၆၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဆန်စက်များ အရည်သွေးမြင့်မားတိုးတက်ရေး

မောင်ပီတိ

၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် စက်မှတ်ပုံတင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဟာလာဆန်စက်အရေအတွက် ၁၀၄၆၉ လုံးရှိပြီး ၎င်းဟာလာဆန်စက်များ၏ ၂၄ နာရီ စက်ကြိတ်အင်အားတန်ချိန်မှာ ၄၁၃၄၁တန်ဖြစ်သည်။ အမှန်တကယ် ဆန်စပါးများကြိတ်ခွဲနေသော ဟာလာဆန်စက်အရေအတွက်မှာ စာရင်းဇယားကောက်ယူရရှိထားသည့် အရေအတွက်ထက် ပိုမိုများပြားနိုင်သည်ဟု ယူဆရသည်။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်အတွင်းက နိုင်ငံတော်၌ စပါးတင်းသိန်း၉၈၀၀ထက်မနည်းထွက်ရှိခဲ့သည်။ တစ်နိုင်ငံလုံး ထွက်ရှိသော စပါးများမှ နိုင်ငံတော်က စပါးတင်းသိန်း၁၀၀၀ခန့်သာ ဝယ်ယူခဲ့သဖြင့် ကျန်တင်းသိန်း၈၈၀၀အား ဒေသအသီးသီးရှိ ဝမ်းစာစပါးကြိတ်ခွဲသော မှတ်ပုံတင်ပြီး ဆန်စက်နှင့် ဟာလာဆန်စက်များမှ ကြိတ်ခွဲခဲ့သည်။ ဝမ်းစာစပါးကြိတ်ခွဲသော ဆန်စက်အရေအတွက်မှာ ၅၇၁လုံးဖြစ်ပြီး ၂၄နာရီ စက်ကြိတ်အင်အားမှာ တန်ချိန်၁၀၃၃၉ ဖြစ်သည်။ သို့ဖြစ်၍ ကျန်ရှိသည့် စပါး ၇၅ရာခိုင်နှုန်းခန့်ကို ဟာလာဆန်စက်များမှ ကြိတ်ခွဲပေးရသဖြင့် နိုင်ငံတော်မှ ထွက်ရှိသော စပါးပမာဏအများဆုံးကို ဟာလာဆန်စက်များမှ ကြိတ်ခွဲပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

မြန်မာ့ဆန်စပါးလောကတွင် နိုင်ငံတော်၏ အဓိက စပါးကျီဒေသကြီးသုံးခုအဖြစ် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့ကို သတ်မှတ်ထားသည်။ ဟာလာဆန်စက်အများဆုံး တည်ရှိရာတိုင်းမှာ ဧရာဝတီတိုင်းဖြစ်ပြီး မှတ်ပုံတင်ထားသော ဆန်စက်မှာ၂၅၇၈လုံး ဖြစ်သည်။ အဆိုပါ ဟာလာဆန်စက်များ၏ ၂၄ နာရီ စက်ကြိတ်အင်အားမှာ ၁၃၅၈၅ တန် ဖြစ်သည်။ သို့အတွက် ဧရာဝတီတိုင်းသည် ဆန်စပါးထွက် ပမာဏ အများဆုံး တိုင်းကြီးတစ်တိုင်းဖြစ်သည့်အပြင် လုပ်ငန်းဆက်စပ်မှုအနေဖြင့် ဟာလာစက်၊ ဆန်စက်အများဆုံးရှိသော တိုင်းကြီးတစ်တိုင်း ဖြစ်ပါသည်။

၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်စာရင်းအရ နိုင်ငံပိုင်ဆန်စက် ၇၀၊ လယ်ယာထွက်ကုန် စပါးကြိတ်ခွဲပေးသော ပုဂ္ဂလိကဆန်စက် ၅၂၇လုံးနှင့် ဝမ်းစာဆန်စက်၅၃၀၊ စုစုပေါင်း ၁၁၂၇လုံးရှိသည်။ နိုင်ငံပိုင် ဆန်စက်များအနေဖြင့် ပြည်ပအဆင့်အတန်းမီ ဆန်များကောင်းမွန်စွာ ကြိတ်ခွဲနိုင်သော်လည်း ပုဂ္ဂလိကဆန်စက်အများစုမှာ မကြိတ်ခွဲနိုင်ကြပါ။ ၎င်းတို့အနက် ဆန်စက် ၁၇၅လုံးသာ တန်းမြင့်ဆန်များအား ကြိတ်ခွဲထုတ်လုပ်နိုင်သည်။ အဆိုပါ ဆန်စက်ကြီးများမှ ပြည်တွင်းစား ဆန်များသာမက ပြည်ပပို့ကုန် အဆင့်အတန်းမီသည့် မြန်မာ့ဆန်များကို ကြိတ်ခွဲထုတ်လုပ်ပေးလျက်ရှိသည်။ ဆန်စက်ကြီးများ အများစုမှာ ဆန်များကြိတ်ခွဲထုတ်လုပ်ပေးလျက် ရှိနေသော်လည်း သက်တမ်းရှည်ကြာလာမှုကြောင့် အချို့ဆိုလျှင် ကြိတ်ခွဲစွမ်းအားကျဆင်းမှု အခက်အခဲများကြုံတွေ့လာခဲ့ရသည်။ အပိုပစ္စည်းဝယ်မရခြင်း၊ စက်ပြုပြင်ရန် ငွေကြေးမတတ်နိုင်ခြင်းတို့သည်လည်း ဆန်စက်လုပ်ငန်းတွင် အခက် အခဲများ ဖြစ်နေသည်။ လက်ရှိအနေအထားအရ အဆင့်မြင့်ဆန်စက်ကြီးများ လိုအပ်လျက် ရှိနေသေးသည်။ ထွက်ရှိသော စပါးပမာဏ၏ ၇၅ရာခိုင်နှုန်းကို ဟာလာဆန်စက်များမှ ကြိတ်ခွဲပေးနေရဆဲ ဖြစ်ပါသည်။

ဟာလာဆန်စက်များအနေဖြင့် ကျေးလက်ဒေသများတွင် တည်ရှိနေပြီး ကြိတ်ခွဲလိုသည့် စပါးများကို စိုက်ပျိုးထုတ်လုပ်သူ လယ်သမားများက ဝေးလံစွာ သယ်ယူသွားရန် မလိုအပ်သောကြောင့် သယ်ယူပို့ဆောင်ခများ သက်သာခြင်း၊ ဆန်စက်ကြီးများဖွင့်ရန်အထိ အချိန်စောင့်ဆိုင်းရန် မလိုအပ်ခြင်း၊ စပါးအရေအတွက် အနည်းငယ်မျှကိုပင် လက်ခံကြိတ်ခွဲပေးနိုင်ခြင်း စသော အားသာချက်များကြောင့် တစ်ပိုင်တစ်နိုင် လယ်သမားအများစုအနေဖြင့် ဟာလာဆန်စက်များကို အားကိုးအားထားပြုနေကြခြင်း ဖြစ်သည်။

သို့သော် ဟာလာဆန်စက်များတွင် တပ်ဆင်ထားသော စက်ယူနစ်များသည် ရရာပစ္စည်းဖြင့် အလုပ်ဖြစ်ရုံ တည်ဆောက်ထားရခြင်း၊ ကြိတ်ခွဲမှုနည်းပညာအရ တစ်ခုနှင့်တစ်ခု ဆီလျော်မှုမရှိခြင်း စသည့်အချက်များကြောင့် ဆန်ကြိတ်ထွက်နှုန်း ရသင့်သလောက် မရရှိဘဲ လျော့နည်းခြင်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ မလိုအပ်ဘဲ ဆုံးရှုံးနေရခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ ဤသို့သော လေလွင့်ဆုံးရှုံးမှုများမှာ အပေါ်ယံကြောကြည့်လျှင် ပုဂ္ဂိုလ်တစ်ဦးချင်း၏ လေလွင့်ဆုံးရှုံးမှုများဖြစ်သော်လည်း စုပေါင်းလိုက်လျှင် နိုင်ငံတော်ပိုင်း လေလွင့်ဆုံးရှုံးမှု (National Loss) သဖွယ်မဖြစ်ပွားသင့်ဘဲ ဖြစ်ပွားလာနိုင်ကြောင်း သတိပြုကြရပါမည်။

သို့အတွက် ဟာလာဆန်စက်များတွင် လွယ်လင့်တကူ ဆက်သွယ်ကြိတ်ခွဲနေရခြင်းမှာ ဒေသခံလယ်သမားများအဖို့ အဆင်ပြေပြေဖြစ်သည် မှန်သော်ငြားမလိုလားအပ်သော ဆုံးရှုံးမှုများမှသည် နိုင်ငံတော်အဆင့် ဆုံးရှုံးမှုများအထိ ဖြစ်သွားနိုင်ကြောင်း သတိပြုကြရမည်။ မလေလွင့်မဆုံးရှုံးစေသင့်သည်များကို တားဆီးရန်ဖြစ်ပေသည်။ ထို့ကြောင့် အချို့နေရာများတွင် ဒေသအာဏာပိုင်တို့၏ အစီအစဉ်ဖြင့် ဟာလာဆန်စက်များကို ခွင့်မပြုခဲ့ကြခြင်းလည်း ဖြစ်သည်။

စပါးစိုက်ပျိုးထွက်ရှိလာသည်နှင့်အမျှ စားသုံးမှုအဆင့်ဖြစ်သည့် "ဆန်" အဖြစ်ရောက်အောင် ကြိတ်ခွဲထုတ်လုပ်ပေးရမည်မှာ သဘာဝပင်ဖြစ်သည်။ ခေတ်ကလည်း ကြိတ်ဆုံတွင် မောင်းထောင်းဆန်ဖြူဖွပ်စားနေရမည့် ခေတ်မျိုးလည်းမဟုတ်တော့။ ထို့ကြောင့် ထွက်ရှိလာသောစပါးများ အလျင်မီ၊ အချိန်မီ ကြိတ်ခွဲထုတ်လုပ်ပေးနိုင်ဖို့ လိုအပ်ပေသည်။ လေလွင့်ဆုံးရှုံးမှုကြောင့် ဟာလာဆန်စက်များ ပိတ်ပင်ခဲ့ရသည်ရှိသော် ဟာလာဆန်စက်များ၏ နေရာတွင် ကြိတ်ခွဲရေး အရည်အသွေးတိုးတက်ကောင်းမွန်သော၊ ဟာလာဆန်စက်များထက် သာလွန်ကောင်းမွန်သော ဆန်စက်ငယ်များ အစားထိုးထုတ်လုပ်ပေးရမည်ဟူသော အဖြေထွက်ရှိလာသည်။

ဆန်စက်ကြီးများတွင် ဝမ်းစာစပါးသွားရောက်ကြိတ်ခွဲရာတွင် တစ်ကြိမ်လျှင် စပါး၂၅ တင်းမှ တင်း၁၀၀ထက်မနည်း ကြိတ်ခွဲပါမှ အဆင်ပြေနိုင်ပါသည်။ ဟာလာဆန်စက်များမှာမူ သွားရောက်ကြိတ်ခွဲရ လွယ်ကူခြင်း၊ ပမာဏအရေအတွက် နည်းနည်းကိုလည်း လက်ခံကြိတ်ခွဲပေးနိုင်ခြင်း၊ ကုန်ကြမ်းပေး ကုန်ချောယူသဘောအရ ထွက်ရှိလာသည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို စိတ်ကြိုက်စစ်ဆေး၍ လက်ခံနိုင်သည့်အတွက် တောင်သူလယ်သမား စိတ်ကျေနပ်မှုရရှိစေခြင်း၊ စောင့်ဆိုင်းရန်မလိုသည့်အတွက် အချိန်ကုန်သက်သာခြင်း စသည့် အကျိုးများရှိနေသော်လည်း အဓိကပြဿနာမှာ အကျိုးအကြေများမှုပင်ဖြစ်သည်။ ဟာလာဆန်စက်များ တစ်စတစ်စတိုးပွားလာရခြင်းမှာ စက်တည်ဆောက်မှုစရိတ်နှင့်စက်လည်ပတ်မှုစရိတ်နည်းပါးခြင်းသည် အဓိကသော့ချက် ဖြစ်သည်။ စက်တည်ထားလိုက်လျှင် လာရောက်အားပေးမည့် ဖောက်သည်များကလည်း အရန်သင့်မို့ ဈေးကွက်အထူးရှာဖွေနေရန်လည်း မလိုပါ။

နိုင်ငံတော်အနေဖြင့် ဟာလာဆန်စက်များသုံးစွဲခြင်း၏ ဆိုးကျိုးများကို ထောက်ပြ ပညာပေးနေသည့်နည်းတူ အရေးယူဆောင်ရွက်မှုများလည်း တစ်ဖက်က လုပ်ဆောင်လျက် ရှိနေသည်။ ထို့အတူ အများပြည်သူတို့လည်း ကြိတ်ခွဲရေး ဗဟုသုတများ အလျဉ်းသင့်သလို ဖြန့်ဖြူးပေးလျက်ရှိသည်။ ဆန်စက်ပြပွဲကြီးများ၊ ကုန်စည်ပြပွဲကြီးများတွင် အလျဉ်းသင့်သလို ဆန်စက်များ ခင်းကျင်းပြသပေးလျက်ရှိသည်။

နိုင်ငံတော်က ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်ကို ၂၃-၄-၂၀၀၃ ရက်နေ့က စတင်ကြေညာခဲ့ပြီး ဖြစ်သည်။ အဆိုပါ မူဝါဒသစ်အရ တိုင်းရင်းသား မည်သူမဆို ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိလာသည့် အစီအစဉ်ကောင်း တစ်ရပ်လည်း ဖြစ်သည်။ ဤတွင် ဆန်ကောင်းရဖို့၊ စက်ကောင်းဖို့လည်း လိုသည်ဟူသော အယူအဆ ဖြစ်ထွန်းလာသည်။ မူလဆန်မည်မျှကောင်းပါစေ ကြိတ်ခွဲလိုက်သော စက်မကောင်းပါက ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ကြရမည်မှာ မလွဲဧကန်ဖြစ်သည်။ သို့အတွက် ဆန်အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော စပါး၊ စက်နှင့် လူတို့၏ ကဏ္ဍများတွင် အရည်အသွေးမြင့်မားသော ဆန်စက်များရှိရန်မှာလည်း အရေးပါလျက် ရှိပါသည်။ ဆန်စက်များ အဆင့်အတန်း ပိုမိုတိုးတက်လာသည်နှင့်အမျှ အရည်အသွေး ပိုမိုမြင့်မားသော ဆန်များ ထုတ်လုပ်လာနိုင်ကြမှာဖြစ်ပြီး ပြည်ပတင်ပို့မှုတွင်လည်းများစွာ အထောက်အကူပြုစေမှာ ဖြစ်သည်။

အထူးသဖြင့် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ(၂၀၀၄)ကို၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းက အောင်မြင်စွာကျင်းပခဲ့ပြီးသည့်နောက် အကျိုးဆက်များအဖြစ် ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီခုနစ်ခုကို ဆက်လက်ဖွဲ့စည်းနိုင်ခဲ့သည်။

အဆိုပါကော်မတီများမှာ-

- **ဆန်စပါး လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေး ဆပ်ကော်မတီ၊**
- **စပါးလုံးရွေးထုတ်စက်နှင့် ဆန်ခါလုံးတီထွင်ထုတ်လုပ်ရေးဆပ်ကော်မတီ၊**
- **Wet Polisher (ရေဖြင့်ဆန်အရောင်တင်စက်)နှင့် Colour Sorter (ဆန်အရောင်မညီရွေးထုတ်စက်) တီထွင်ထုတ်လုပ်ရေး ဆပ်ကော်မတီ၊**
- **စွမ်းအားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၊**
- **မျိုးကောင်းမျိုးသန့် ထုတ်ယူနိုင်ရေး ဆပ်ကော်မတီ၊**
- **ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်နှင့် ဆန်ဖြူကျောက် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့်**
- **ဆန်စပါးလုပ်ငန်းဆိုင်ရာ ပညာပေးရေးနှင့်သတင်းဖြန့်ချိရေး ဆပ်ကော်မတီ**

တို့ဖြစ်သည်။

ယခုဆိုလျှင် အဆိုပါဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီမှ ကိုရီးယားဆန်စက်ငယ် DJ-500ကို ပုံပြင်မွမ်းမံပြီး Model No PS-1, SW-1, SPAM-1ဆန်စက်ငယ်များ အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ကိုရီးယားဆန်စက်ငယ်မူရင်းကို ၁၈၉၇ခုနှစ်က ဂျာမန်သိပ္ပံပညာရှင်ကြီး Englebergတီထွင်ခဲ့သော ကော်ဖီကြိတ်စက်၊(Engleberg Huller) ကိုအခြေခံတည်ဆောက်ထားခြင်းဖြစ်ပြီး မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ(၂၀၀၄)တွင် ပါဝင်ပြသခဲ့ကာ လူကြိုက်များသော ဆန်စက်ငယ်တစ်မျိုးလည်း ဖြစ်ပေသည်။ ကိုရီးယားဆန်စက်ငယ်မူရင်း၏ အားနည်းချက်များကို နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်နိုင်ခဲ့သည့်အတွက် ယခုထုတ်လုပ်လိုက်သော PS-1, SW-1, SPAM-1ဆန်စက်ငယ်များသည် ကြိတ်ခွဲအား တိုးတက်လာခြင်း၊ ဆန်ထွက်နှုန်းတိုး၍ ဆန်အကျိုးအကြေ သက်သာလာခြင်း၊ စက်ယူနစ်များ သက်တမ်းကြာရှည် သုံးစွဲနိုင်ခြင်း၊ အဖျင်း၊အမှော်၊ ဖုန်၊ သဲ၊ ခဲများသန့်စင်သွားခြင်း၊ စားသုံးရန်အသင့်ရရှိလာခြင်း၊ တောရွာမြို့ပါ လွယ်လင့်တကူသုံးစွဲနိုင်ခြင်း စသည့် အားသာချက်များဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် နိုင်ငံ့အကြီးအကဲများ၏ လုပ်ငန်းလမ်းညွှန်မှုများကို ခံယူပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ တစ်ပိုင်တစ်နိုင်သုံး ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်နိုင်ခဲ့ပါကြောင်းနှင့် ဆန်စက်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများကိုလည်း မကြာမီကာလအတွင်းမှာပင် ဆက်လက်တီထွင်ထုတ်လုပ်နိုင်တော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဘုန်းတော်ကြီးသင်ကျောင်းအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၆

ကျုံပျော်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်မည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလျားပေ ၁၀၀၊ အနံပေ ၅၀ရှိ အဆောက်အအုံအတွက် ရန်ကုန်မြို့ ဘောက်ထော်ရပ်နေ ဦးစိုင်းထွန်းလင်း ဒုတိယညွှန်မှူး(အငြိမ်းစား)ဇနီးဒေါ်ခင်နွယ်ထွေး၊သမီး နန်းခိုင်ဇလင်းမိသားစုတို့က မတည်ငွေကျပ် ၁၀သိန်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍိဉာဏာဘိဝံသ ထံ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

အဆိုပါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အဆောက်အအုံအတွက် မည်သူမဆို ရတနာဗိမာန်စာသင်တိုက် ဖုန်း-၀၁-၅၅၅၆၂၈နှင့် ဆရာတော်ထံသို့ ကိုယ်တိုင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့

❋ ကောင်းကင်းယံ မိုးတိမ်လိပ်
တရိပ်ရိပ် ပြေးလွှားနေ။
မြန်မာ့မြေ နိမိတ်ကောင်း
အောင်ကြောင်းသာပေ။
တိုင်းရင်းသား နှောင်ညီဆွေ
စုံညီပေ ပေါင်းစုဝေး။
ရွှေညီလာ အောင်စခန်း
မြန်းကြပြီလေး။

❋ ရွှေညီလာ အောင်စခန်း
ပြုံးပန်းတို့ လှိုင်လှိုင်ဝေ။
မြန်မာ့မြေ မြန်မာ့အရေး
ဆွေးနွေးကြပေ။
ညီညွှတ်မှု အားမာန်တွေ
ကဲဆင့်ဝေ မြန်မနှေး။
စည်းလုံးညီ သာဓက
ပြကြပြီလေး။

❋ စည်းလုံးညီ သာဓက
ဖြိုးကြွဘိ သိန်သရေ။
ဖွဲ့စည်းပုံ ဥပဒေသစ်
ထွန်းလှစ် ဖို့လေ။
လက်ချင်းယှက် မပျက်တမ်းပေ
ခိုင်စေကွယ့် သားချင်းများ။
မြန်မာ့မြေ မြန်မာ့အရေး
လေးနက်ဘိတကား။

❋ မြန်မာ့မြေ မြန်မာ့အရေး
မြန်မာ့သွေး မြန်မာ့အခြေ။
မြန်မာ့စဉ်လာ မြန်မာ့ဓလေ့
တို့မွေ့ကြပေ။
တိုင်းတစ်ပါး ထိုးနှက်စေ
မမှုပေ ဂရုမထား။
တို့လမ်းစဉ် တို့သာပြု
ပေါင်းစုစွမ်းအား။

❋ တို့လမ်းစဉ် တို့သာပြု
ညီညွှတ်မှုအခြေတည်။
အောင်ပန်းတိုင် သာစခန်း
တို့မြန်းကြမည်။
မူဝါဒ ဆင့်ကာစီ
ချီပါစို့ ညီနောင်ဖွား။
ဒီမိုကရေစီ နိုင်ငံတော်သစ်
ထွန်းသစ်မည်တကား။ ။

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်)

မောင်ခိုင်ကျော် (ကျောက်ဆည်)

ပြည်သူကိုအကျိုးပြုနိုင်သည့်ဝန်ထမ်းကောင်းပီသရေးလေ့ကျင့်ပျိုးထောင် ရထားပို့ဆောင်ရေး ဒုတိယဝန်ကြီးသူရဦးသောင်းလွင် မှာကြား

ရန်ကုန် ဇွန် ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် အီးအမ်စီသံလမ်းပြေးယာဉ်ဖြင့် မန္တလေး–ပြင်ဦးလွင်ရထားလမ်း တောင်ပေါ်လမ်းပိုင်းမိုးရာသီ၌ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ထမ်းအဆင့်ဆင့်၏ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင် စက်ခေါင်းစက်ရုံတွင် အလုပ်ရုံစုမှူးများ၊ စက်မှုနှင့် လျှပ်စစ်စက်ခေါင်းပြင် ဝန်ထမ်း အဆင့်ဆင့်အား တွေ့ဆုံပြီး ရထားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ နေ့စဉ်လေ့ကျင့်ရေးဆိုင်ရာ ကိစ္စများ အမြဲမပြတ်စစ်ဆေး ကြပ်မတ်ရေးအတွက် ဆွေးနွေးပွဲများ ပြုလုပ်၍ အတွေ့အကြုံနှင့်အကြံဉာဏ်များ ဖလှယ်ကြရေးတို့ကို မှာကြားသည်။ ဒုတိယဝန်ကြီးသည် ဇွန် ၁၃ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့ ဗဟိုပို့ဆောင် ဆက်သွယ်ရေး ကျောင်း၌ ခေတ္တကျောင်းအုပ်နှင့် ကထိက၊ လက်ထောက်ကထိက၊ နည်းပြများနှင့် ဝန်ထမ်းများအား လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ရေး၊ နည်းပညာဆိုင်ရာတိုးတက်မှုများကို ဖြည့်စွက်ပြုစုရေး၊ လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာများကို ထိရောက် အကျိုးရှိဆောင်ရွက်ကြရေးမှာကြားသည်။ ဇွန် ၁၄ရက် နံနက်ပိုင်းတွင် ဒု–ရုံပိုင်(အလုပ်သင်) သင်တန်း(၂၅/၂၀၀၄)၊ ဒီဇယ်စက်ခေါင်း လျှပ်စစ်ပြင်သင်တန်း (၂၃/၂၀၀၄)၊ လျှပ်စစ် အခြေခံသင်တန်း (၂၄/၂၀၀၄) သင်တန်းများ ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အမှာ စကားပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေးဌာန ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မိတ္ထီလာ)ရုံးသို့ သွားရောက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် ကုန်စည်ပို့ဆောင်ရေးဌာနတို့မှဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းတိုးတက်ရေး၊ ဝန်ထမ်းကောင်းပီသရေး၊ပြည်သူကို အကျိုးပြုနိုင်ရေးအတွက်အစဉ်လေ့ကျင့်ပျိုးထောင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဇွန် ၁၅ရက်တွင် သင်တန်းပို့ချမှုများကို စစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ပဲခူးရိုးမအနောက်ခြမ်း ပြည်ခရိုင်အတွင်းရှိ သစ်တောလုပ်ငန်းများ စစ်ဆေးကြည့်ရှုစဉ်။ (သစ်တောရေးရာ)

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း ပဲခူးရိုးမ သစ်တောစိုက်ခင်းနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ညွှန်ကြားရေးမှူး ဦးသီရိတင်၊ ဦးရဲတင့်နှင့် ဦးလကျာ်အောင်တို့ လိုက်ပါလျက် ဇွန် ၁၂ ရက်တွင် ပဲခူး၊ ကျောက်တံခါး၊ ဖြူး၊ အုတ်တွင်း မြို့နယ်အတွင်း ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်း ကျွန်းစိုက်ခင်း ဧက၁၃၀၀ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇွန် ၁၃ ရက် ညနေပိုင်းတွင် ရေဆင်းသစ်တော တက္ကသိုလ်နှင့် သုတေသနဌာန ဆရာ ဆရာမ၊ တာဝန်ရှိသူ ဝန်ထမ်းများအား တွေ့ဆုံ ဆွေးနွေး၍ လိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဇွန် ၁၄ ရက်တွင် ငလိုက်ကြိုးဝိုင်း သုတေသန၊ ကျွန်း၊ ပိတောက်၊ ဝါးစိုက်ခင်းများ၊ တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ကြိုးဝိုင်း ကျွန်းဧက ၃၀၀ စိုက်ခင်း၊ အောင်လံမြို့ နယ်အတွင်း သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၁၅ ရက်တွင် သဲကုန်းမြို့ ရှားပြင်ကြိုးဝိုင်း ရေတိုက်စား သဲနုန်းပို့မှုကြောင့် စိုက်ပျိုးမြေ ပျက်စီးမှုနှင့် နုန်းတားအပင်များ စိုက်ပျိုးရေး၊ ကျွန်းစိုက်ခင်း စိုက်ပျိုးမည့်နေရာများ ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၈ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၈)ရပ်ကွက် အလုပ်အမှုဆောင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရပ်ကွက်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင် အမှာစကားပြောကြားစဉ်။(က–ပ)

မြန်မာနိုင်ငံအောက်ပိုင်းနှင့် တောင်ပိုင်းတို့၌မိုးအားကောင်းမည်

ရန်ကုန် ဇွန် ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် တစ်ပြည်လုံးသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာ ကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့ ၁၈ဒသမ၉၄ လက်မ၊ ရေးမြို့ ၉ဒသမ၇၆လက်မ၊ ဘားအံမြို့ ၇ဒသမ ၅၂လက်မ၊ ကော့သောင်းမြို့ ၇ဒသမ၄၈ လက်မ၊ ဂွမြို့ ၆ဒသမ၃၈လက်မ၊ ကိုကိုးကျွန်း ၄ဒသမ၆၅လက်မ၊ ထားဝယ်မြို့ ၄ဒသမ၅၇လက်မနှင့် သထုံမြို့ ၄ဒသမ၃၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းလျက်ရှိကြောင်း သိရသည်။

ဇွန်၁၇ ရက် ညနေအထိ ခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခိုက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြို့တော်မိုးရာနှုန်းပြည့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်) အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၆

စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)သို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၂ ရက်က ဈေးကုန်းပရိယတ္တိစာသင်တိုက်၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအေးသိန်း၊ဦးထွန်းမင်းတို့က အသင်းနာရေးကူညီမှုလုပ်ငန်း စတင်ဆောင်ရွက်တော့မည့် အခြေအနေများ ရှင်းလင်းတင်ပြပြီး အင်းစိန်ဈေးကြီးရှေ့ လှိုင်မြစ်လမ်းနေ ဦးအောင်ဝင်း–ဒေါ်ခင်ပြုံးဝင်း မိသားစု(ကုန်စုံဆိုင်)က ကျပ်နှစ်သိန်း **(အောက်ပုံ)** ဈေးကုန်း အနောက်ရပ်ကွက်နေ ဦးအုန်းရှိန်–ဒေါ်ကျင်ငွေမိသားစုက ကျပ်တစ်သိန်း၊ ဦးကျော်ဝင်း–ဒေါ်ကြည်ကြည်သိန်း မိသားစု၊ မမြင့်မြင့်အေး၊ မသန်းသန်းထွေး၊ မောင်မျိုးဝင်း မောင်နှမတစ်စုက ကျပ်ငါးသောင်းစီ ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(က–ပ)**

ငါးဆေးထိုးသားဖောက်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ငါးဆေးထိုးသားဖောက် သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း သင်တန်း ခန်းမဆောင်၌ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအောင်သိန်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

လေ့လာဆည်းပူး

အဆိုပါသင်တန်းတွင်ငါးဆေးထိုးသားဖောက်ပညာရပ်များသာမက ငါးအသားတိုးမွေးမြူရေး လက်တွေ့ပညာရပ်များနှင့် ပုဂ္ဂလိက မွေးမြူရေးစခန်းများသို့ သွားရောက် လေ့လာဆည်းပူးခွင့်ပြုခဲ့ပြီး သင်တန်းသို့ မွေးမြူရေးတာဝန်ထမ်းဆောင်မည့် သင်တန်းသား ၃၄ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်သည်။

ဆက်လက်၍ အစီအစဉ် အရ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆန်းကြယ်သောကောင်းမှုအကျိုး စာအုပ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၆

လူငယ်အကျိုးပြု ပညာပေးစာပေများ ရေးသားထုတ်ဝေနေကျ စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ဆန်းကြယ်သော ကောင်းမှုအကျိုး စာအုပ်ကို ရွှေဟင်္သာစာပေ အမှတ် ၂၆၃၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၇၀၉၁၉၈က ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

❍ ကျောဖုံးမှ

တံတားကြီး မုခ်ဦးပေါ်တွင်လည်း မုခ်ဦးပန်းအလှတပ်သူ၊ မီးဆင်သူများဖြင့် **"ပန်းမွန်ချောင်းတံတားကြီး"**ကို အလှဆင်နေကြသည်။ လေအဟေ့တွင် မုခ်ဦးများပေါ်မှ နီရဲရဲအလံကလေးများသည် လေတွင်ဝဲ၍ တလူလူလွင့်နေကြ၏။ ကြည်နူးဖွယ်ရာ၊ ချမ်းမြေ့ဖွယ်ရာမြင်ကွင်းပါတည်း။

တောက်ပဝင်းဝါနေ

ညနေ ၄နာရီတွင် မိုးတိမ်များ ကင်းစင်၍နေပွင့်လာသည်။ အလင်းရောင်ဖြာ၍လာ၏။ နေခြည်သည် ထွန်းလင်း၍ လာလေ၏။ အုံ့ဆိုင်းမှုန်မှိုင်းနေသော မိုးသားတိမ်လိပ်တို့သည် ပျောက်ကွယ်ကင်းစင်လွင့်ပျောက်သွားလေပြီ။ ညနေခင်းနေရောင်ခြည်သည် ရောင်ခြည်တစ်ထောင်အလင်းဆောင်သော နေမင်းကြီးကြောင့် ပန်းမွန်တံတားကြီးနှင့် ဖွင့်ပွဲမုခ်ဦးကြီးတို့ကို မီးမောင်းဆလိုက်ကြီးများထိုးပြထားဘိသကဲ့သို့ လင်းထိန်တောက်ပဝင်းဝါ၍ နေလေသည်။

အိပ်မက်ပင်မမက်ခဲ့

မိမိရွာအနီးက လှပခံ့ညားထည်ဝါသော ပန်းမွန်ချောင်းတံတားကြီးကို တွေ့ရမြင်ရသောအခါ ပီတိအကြိမ်ကြိမ်ဖြစ်မိသည်။ နှလုံးသားတွင် ဂွမ်းဆီထိပမာ ခံစားနေရသည်။ ကြည်နူးမှုကားအပြည့်၊ တံတားကြီးတည်ဆောက်ပေးသော နိုင်ငံတော်အစိုးရနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအား အလွန့်အလွန်ကျေးဇူးတင်နေမိသည်။ မိမိအသက် ၅၈နှစ်မှ ပေါ်ထွက်လာသော မိမိဒေသကတံတားကြီး အိပ်မက်ပင်မမက်ခဲ့ ခုတော့... ခုတော့...။

လူပန်းတောကြီးဖြစ်

မကြာမီ နေရောင်ပျောက်၍ အလင်းရောင်များ ပြယ်သွားလေသည်။ မီးစက်အသံများကြားရ၏။ ထွန်းညှိပေးလိုက်သော ရောင်စုံမီးလုံးလေးများသည် တံတားကြီးကိုပန်းကုံးကြီး သီကုံးပေးထားသလို ထိန်လင်းတောက်ပ၍လာလေ၏။ တံတားကြီးပေါ်ရှိ လျှပ်စစ်မီးအလင်းရောင်ကို ချောင်းခွရွာနှင့် နတ်ချောင်းရွာတို့က လှမ်းမြင်နေကြရာ ဆိုင်ကယ်ဖြင့်လာရောက် ကြည့်ရှုကြသူများ၊ ဂျစ်ကားဖြင့်လာရောက် ကြည့်ရှုကြသူများ၊ စက်ဘီး၊ ခြေကျင်တို့ဖြင့်လာရောက်ကြည့်ရှုကြသူများဖြင့် တံတားကြီးတစ်ခုလုံး လူပန်းတောကြီးဖြစ်သွားလေသည်။ သူ့ကြည့်တော့လည်း အပြုံး၊ ငါ့ကြည့်တော့လည်း အပြုံး၊ အပြုံးချင်းပြိုင်၍ အပျော်ကြီးပျော်နေကြသည်။ မှောင်လေလေတံတားကြီး၏ မီးအလင်းရောင်များသည် ထိန်လင်း၍လာလေလေ၊ လူအများလည်းတိုး၍လာလေလေ ဖြစ်နေ၏။ ချောင်းခွရွာနှင့် နတ်ချောင်းရွာ နှစ်ရွာလုံးတံတားကြီးပေါ်ရောက်နေကြလေပြီတည်း။ တံတားဖွင့်ပွဲအကြိုည၏ ပီတိကိုရွာသူရွာသားအပေါင်းတို့ လာရောက်ကြည့်ရှု၍ ခံစားကြည်နူးနေကြလေသည်။

သြော်-တံတားဖွင့်ပွဲအကြိုညကား လွမ်းမောဖွယ်ရာ၊ သာမောဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာ ကောင်းလှပါ၏။ ဆိုင်းမပါ၊ ဗုံမပါ၊ အကမပါဘဲစည်ကားလှသော တံတားဖွင့်ပွဲအကြိုညပါတည်း။

၂၀၀၄ခုနှစ် မေ ၂၃ရက်

သည်နေ့သည် "ပန်းမွန်ချောင်း တံတားဖွင့်လှစ်သည့်နေ့"ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ လူအများရောင်စုံဖြာ၍ တက်ရောက်လာကြသည်။ နတ်ချောင်းလမ်းမကြီးအပြည့်တည်း။

မိမိသည် ပန်းမွန်ချောင်းတံတားကြီးတည်ရှိရာ ချင်းတောင်ခြေရင်းကချောင်းခွရွာကလေးဆီသို့ ဆိုင်ကယ်ကို ဖြည်းဖြည်းမှန်မှန်စီး၍ ထွက်ခဲ့သည်။ လူအများက လမ်းတစ်လျှောက် လျှောက်လှမ်းနေကြဆဲ။ မကြာမီ"ချောင်းခွရွာ"ကလေးသို့ရောက်၏။ ချောင်းခွရွာကလေးကား ကလေးမြို့နှင့် ၁၅မိုင်အကွာချင်းတောင်ခြေရင်းတွင် တည်ရှိသည်။ နတ်ချောင်းအုပ်စုဝင် ရွာကလေးဖြစ်၏။ အိမ်ခြေ ၄၅၀ရှိသည်။

ထိုရွာကလေးမှ ချင်းတောင်ဖလမ်းမြို့သို့သွားသော ကလေး-ဖလမ်းကားလမ်းရှိသည်။ ဂန့်ဂေါ-ကလေးကားလမ်း၊ ရထားလမ်းရှိသည်။ ချင်းတောင်ဖလမ်းသို့ ၅၄မိုင်၊ ဂန့်ဂေါသို့ ၈၂မိုင် ကွာဝေးသည်။ ဖလမ်း-ဂန့်ဂေါကားလမ်းဆုံရာ၊ လမ်းခွဲရာ ချောင်းခွရွာကလေးဖြစ်၏။ သည်ရွာကလေး၏တောင်ဘက် တစ်ဖာလုံခန့်အကွာတွင် "ပန်းမွန်ချောင်းနှင့် ပန်းမွန်ချောင်းတံတားကြီး"ရှိသည်။

အောင်မြင်စွာ

"ပန်းမွန်ချောင်း"သည် ရေစီးသန်သည်။ ချင်းတောင်ခြေရင်းရှိ ဝေဘူလတောင်အောက်က မြစ်ဖျားခံ၍ စီးဆင်းခဲ့ပြီး မြစ်သာမြစ်ထဲသို့စီးဝင်သွားသည်။ တောင်ကျချောင်းဖြစ်၍ မိုးအခါရေကူးမရ၊ စောင့်ကူးရ၏။ သည်ချောင်းကိုဖြတ်၍ ပန်းမွန်ချောင်းတံတားကြီးကို ၂၀၀၃ခုနှစ် ဩဂုတ်လ၈ရက်က စတင်တည်ဆောက်ခဲ့ရာ ကိုးလအကြာ ယခုနှစ် ဧပြီ၃၀ရက်က အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့သည်။

ပန်းမွန်ချောင်းတံတားသည် ကလေးမြို့နှင့် ၁၅မိုင် ငါးဖာလုံ၊ ၁၅မိုင်ခြောက်ဖာလုံမိုင်တိုင်အကြားတွင် တည်ရှိသည်။ နတ်ချောင်းရွာနှင့် သုံးဖာလုံခန့်ဝေး၍ ချောင်းခွရွာနှင့် တစ်ဖာလုံခန့်သာဝေးသည်။ ကလေး-ဂန့်ဂေါကားလမ်းမကြီး ပေါ်တွင်တည်ရှိသည်။ တံတားကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားအရှည်မှာ ပေ၂၂၀ ရှိ၍ ယာဉ်သွားလမ်းအကျယ် ၁၈ပေရှိသည်။ တံတားကြီးပေါ်တွင် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီပါရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် R.P.Tသံပေါင်-သံကူကွန်ကရစ်ဖြစ်ပြီး အောက်ထည်သံကူကွန်ကရစ်ဖြစ်သည်။ အုတ်မြစ် လေးပေသံကူကွန်ကရစ် ရေတွင်းခွေဖြစ်သည်။ တံတား၏ ခွင့်ပြုသည့်အလေးချိန်မှာ တန် ၃၀ဖြစ်သည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၇၁ စင်းကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ထိုပန်းမွန်ချောင်း တံတားကြီးသည် စစ်ကိုင်းတိုင်း၏ ၁၁ခုမြောက် တံတားကြီးတစ်စင်းဖြစ်သည်။

တံတားကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

တစ်ခဲနက်တက်ရောက်

တံတားဖွင့်ပွဲသို့ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဗိုလ်မှူးကြီးညီထွန်း၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မျိုးမြင့်၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကလေးမြို့ပေါ်ရှိ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ကလေးမြို့နယ် တောင်ပိုင်းရှိ နတ်ချောင်း၊ နတ်မြောင်း၊ နတ်နန်း၊ ချောင်းခွ၊ ဟားခါးလေး၊ ရေစို၊ သာစည်၊ ကြာအင်း၊ သာယာကုန်း၊ ထိုမာ၊ ထောက်ကြံ့၊ အင်းတင်၊ ဂေါက်တော၊ ငါးဖား၊ ခွေကြိမ်၊ သံဖို၊ မြောက်စည်း၊ မြို့သာ၊ ကျော်ရွာ ကျေးရွာများမှ တိုင်းရင်းသားပြည်သူများ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

မဏ္ဍပ်ကြီးအတွင်းရှိ ပလတ်စတစ် အမိုးပြာအောက်က လူဖြူဖြူပြာပြာဝါဝါတို့မှာ ရောင်စုံဖြာ၍နေသည်။ အခမ်းအနားကျင်းပရာ စင်မြင့်မဏ္ဍပ်မှာလည်းနေရောင်တွင် ရွှေရောင်တောက်၍နေ၏။ တံတားကြီးပေါ်မှ နီရဲရဲအလံကလေးတို့မှာလည်း လေအဟေ့တွင် တလူလူလွင့်၍ အောင်ပွဲခံနေကြလေသည်။

ချင်းတောင်တန်းကြီးတည်ရှိနေသရွေ့ ပန်းမွန်ချောင်းတံတားကြီးလည်းတည်ရှိနေဦးမည်ဖြစ်ရာ နိုင်ငံတော်ကြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းတံတား တည်ဆောက်ပေးနေမှုများကိုကျေးဇူးတင်ဂုဏ်ယူစွာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

ဒုတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ်အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ထွန်း(အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေဂုံတိုင်အထူးကုဆေးခန်း)က အဖွဲ့ခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)ကလည်းကောင်း၊ နည်းပြအဖြစ်မစ္စတာ AN Seung Bum (ကိုရီးယား)ကလည်းကောင်း၊ အားကစားသမားများမှာ အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများတွင် ကာကွယ်ရေးမှ ထွန်းလင်းအောင်နှင့် ညီညီထွန်း၊ ပြည်ထဲရေးမှ ဇော်မင်းထွန်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကစားသမားများအဖြစ် ပြည်ထဲရေးမှ မသင်းသင်းခိုင် အပါအဝင် စုစုပေါင်းရှစ်ဦးသည် ယနေ့ မွန်းတည့် ၁၂ နာရီ ၁၅မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။

အဆိုပါ မြန်မာ့မြားပစ်မောင်မယ်များအား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးကုမ္ပဏီ)နှင့် အမှုဆောင် ဦးစသန်းဦးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားမောင်မယ်များ၏ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ဆေးဝါးအသစ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၆

Glenmark Pharmaceuticals Co., Ltd. ၏ Glevo (Levofloxacin) ဆေးဝါးအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ Glenmark Pharmaceuticals Co., Ltd မှ Country Manager Mr. Argha Choudury က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် Glenmark Pharmaceuticals Co., Ltd. အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပါမောက္ခဒေါက်တာမျိုးသွယ်က Quinolones ဆေးများစတင်ပေါ်ပေါက်လာပုံ၊ အဆင့်ဆင့်တိုးတက်ထုတ်လုပ်မှုနှင့် ရောဂါအသစ်များအတွက် ဆေးအသစ်များထုတ်လုပ်ရန် ဆေးသုတေသနပြုလုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ Glenmark Pharmaceuticals Co., Ltd. (International Business)မှ Product Manager Mr. Pavan Maligi က Glevo (Levofloxacin) ဆေးဝါးအသစ်ထုတ်လုပ်မှု၊ အကျိုးအာနိသင်၊ ကုသနိုင်သောရောဂါများနှင့် အသုံးပြုနည်းစသည်တို့ကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဆေးဝါးအသစ်မိတ်ဆက်ပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပါမောက္ခဒေါက်တာမျိုးသွယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Glevo (Levofloxacin) ဆေးဝါးအသစ်ကို အိန္ဒိယနိုင်ငံ Glenmark Pharmaceuticals Co., Ltd. က ထုတ်လုပ်ပြီး မြန်မာနိုင်ငံရှိ Grand Pharmaceuticals Co., Ltd. က ဖြန့်ချိရောင်းချသွားမည်ဖြစ်ရာ ၄င်းဆေးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ဘက်တီးရီးယားရောဂါပိုးကြောင့် ဖြစ်ပွားသောရောဂါများအတွက်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တရားတော်များဟောကြားမည်

ရန်ကုန် ဇွန် ၁၆

ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီး လွန်တော်မူခြင်း တစ်နှစ်ခုနစ်လပြည့်မြောက်ခြင်း အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို ရည်မှန်းလျက် ပူဇော်အပ်သော ပုံတူကြေးရုပ်တုတော်အား ဖွင့်လှစ်ပူဇော်ပွဲကို ၁၃၆၆ခုပထမဝါဆိုလဆန်း ၄ရက် (၂၀-၆-၂၀၀၄ ရက်) တနင်္ဂနွေနေ့ နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်း ကျေးရွာရှိ ရွှေဥမင် ဓမ္မသုခတောရရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ ဓမ္မဒူတ အရှင်ဆေကိန္ဒက တရားဒေသနာများ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဌမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ဇွန် ၁၅ ရက်မှ ယနေ့အထိ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲအပါအဝင် ပွဲစဉ်ပေါင်း ၈၈ပွဲကျင်းပပြီးစီးပြီဖြစ်သည်။ ဇွန် ၁၇ ရက်ယနေ့ နံနက်ပိုင်းတွင် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်က ဆောင်ရွက်သည့် ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာရဲမြင့်၊ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မန်နေဂျာ ဒေါက်တာမင်းသွယ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းမြို့နယ်(၂၀)တို့မှ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မြို့နယ်ကျန်းမာရေး အရာရှိများ UNAIDS မှ Country Coordinator- Mr. Eammon Murphy နှင့် PSI မှ Country Representative Mr. Guy Stallworthy နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး UNAIDS မှ Country Coordinator - Mr. Eammon Murphy နှင့် PSI မှ Country Representative Mr. Guy Stallworthy တို့က အမှာစကားပြောကြားကြသည်။

စီမံချက်

ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေး စီမံချက်ကို ယခုနှစ်အတွင်း တိုးချဲ့မြို့နယ် ၄၃ မြို့နယ် အပါအဝင် မြို့နယ် ၁၀၁ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

*** ကျော်ဖုံးမှ**

မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅မိနစ်တွင် ပြင်သစ်နှင့် ခရိုအေးရှားတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အင်္ဂလန်နှင့် ဆွစ်ဇာလန်

အင်္ဂလန်အသင်းကို ပရိသတ်အားပေးမှု မည်မျှများပြားသည်ကို ပြင်သစ်နှင့် အင်္ဂလန်ပွဲအပြီးတွင် ပို၍ သိသာထင်ရှားခဲ့ရသည်။ ပြင်သစ်ကို နိုင်သင့်ပါလျက် ရှုံးခဲ့ရသော အင်္ဂလန်အသင်းအပေါ် ကရုဏာသက်ကြသူများ ကမ္ဘာတစ်ဝန်း၌ နည်းမည်မဟုတ်ပေ။ ပြင်သစ်နှင့် အင်္ဂလန်ပွဲအကြောင်းမှာ ကျန်ပွဲစဉ်အားလုံးအပေါ် ဖုံးလွှမ်းသွားပြီး ယခုတိုင်ပြောနေကြဆဲဖြစ်သည်။ ပြင်သစ်နှင့် အင်္ဂလန်ပွဲကို မြန်မာစံတော်ချိန် ည ၁ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ရာ မြန်မာ့ဘောလုံးဝါသနာရှင်များ အိပ်ကောင်းသည့်အချိန်ပင်ဖြစ်သည်။ သို့သော် ပြင်သစ်နှင့် အင်္ဂလန်ပွဲကို ကြည့်လိုဇောဖြင့် မအိပ်ဘဲစောင့်စားကြည့်ရှုခဲ့ကြရာပွဲကောင်းလှသဖြင့်အိပ်ရေးပျက်ခံရကျိုးနပ်ခဲ့ရသည်။

ခရိုအေးရှားနှင့် ဆွစ်ဇာလန်တို့၏ ခြေကိုကြည့်ပြီးသွားချိန်တွင် အုပ်စု(ခ)မှ ပြင်သစ်နှင့် အင်္ဂလန်တို့သာ အုပ်စုတက်မည်ဟု ယူဆခဲ့မိသည်။ အကယ်၍ ပြင်သစ်နှင့် အင်္ဂလန်ပွဲတွင် ဇီဒန်းကန်သွင်းသော ပယ်နယ်တီသာမဝင်ခဲ့လျှင် တစ်မှတ်စီခွဲယူပြီး နှစ်သင်းစလုံး အုပ်စုတက်ရေးဖြောင့်ဖြူးသွားမည်ဖြစ်သည်။ သို့သော် ဇီဒန်းက ပယ်နယ်တီဝင်အောင်ကန်ပြီး ပြင်သစ်အသင်းကို အိပ်မက်ဆိုးမှ ကယ်တင်နိုင်ခဲ့ရာ အင်္ဂလန်အသင်း လိပ်ပက်လက်လှန်သလို ယက်ကန်ယက်ကန်ဖြစ်သွားရသည်။ အင်္ဂလန်အသင်းကို ဗိုလ်လုပွဲအထိရောက်စေလိုသော ပရိသတ်များအနေဖြင့်လည်း စိတ်ပူပန်စရာ ဖြစ်ခဲ့ရသည်။

ဝိဝါဒကွဲပြား

ပြင်သစ်နှင့် အင်္ဂလန်ပွဲမကစားမီက ဘောလုံးဝါသနာရှင်များကြားတွင် အယူအဆ ကွဲပြားမှုများပြားခဲ့သလို ပွဲအပြီးတွင်လည်း သဘောထားအမြင်မတူသူများ ရှိနေဆဲဖြစ်သည်။ အချို့က ပြင်သစ်အသင်းခြေသာသည်။ ပြင်သစ်အသင်း ခြေထဲ၌သာ ဘောလုံးရှိနေသည်။ ပြင်သစ်ဘောလုံးပိုင်ဆိုင်မှုများသည်။ အင်္ဂလန်အသင်း ကစားကွက် မယ်မယ်ရရမရှိ။ ပြင်သစ်ကစားကွက်နောက်မှ လိုက်ကစားနေရသည်။ အင်္ဂလန်ဂိုးရသည်မှာ ကစားကွက်ဖြင့်ရခြင်းမဟုတ်ဘဲ ဖော်မြူလာကွက်ဖြင့် ရခြင်းဖြစ်သည်။ ပြင်သစ်အသင်း ခြေစွမ်းပြနိုင်၍ အမှတ်တကယ်နိုင်သင့်သည်မှာ ပြင်သစ်ပင်ဖြစ်သည်ဟု ယူဆကြသည်။

အချို့ကလည်း အင်္ဂလန်အသင်းကစားပုံကောင်းသည်။ ဒေးဗစ်ဘက်ခမ်းသာ ပယ်နယ်တီဝင်ခဲ့လျှင် ပြင်သစ်သေချာပေါက်ရှုံးမည်။ အသင်းကစားပုံညံ့၍ ရှုံးခြင်းမဟုတ်ဘဲ နည်းပြအဲရစ်ဆင် လူစားလဲမှားသွား၍ ချေပဂိုးများ ပေးရခြင်းဖြစ်သည်။ ပြင်သစ်ရသော နှစ်ဂိုးစလုံးမှာ ကစားကွက်ဖြင့် ရခြင်းမဟုတ်။ အင်္ဂလန်အသင်း၏ အမှားကြောင့် ရသွားခြင်းဖြစ်သည်။ အကယ်၍ ဇီဒန်းသာမပါလျှင် ပြင်သစ်နိုင်မည်မဟုတ်။ အင်္ဂလန်အသင်း၏ခြေမှာ အလွန်ကောင်း၍ယခုခြေအတိုင်းဆိုလျှင် ဗိုလ်လုပွဲရောက်နိုင်သည်။ ပြင်သစ်အသင်း ကွင်းလယ်ကစားကွက်သာရှိပြီး အင်္ဂလန်ဂိုးနားရောက်လျှင် နောက်တန်းကို မကျော်နိုင်ဘဲ နောက်ပြန်ပေးနေသည်ကများသည်။ ဒေးဗစ်ဘက်ခမ်းနှင့် ဘားသက်ဇ်တို့ မန်ယူ၌ ပူးတွဲလေ့ကျင့်ခဲ့ဖူး၍ ဘားသက်ဇ်ကာကွယ်နိုင်ခြင်းဖြစ်သည်။ ပယ်နယ်တီကိုဒေးဗစ်ဘက်ခမ်းမကန်သင့်ဘဲ အခြားတစ်ဦးဦးက ကန်သင့်သည်ဟု ယူဆသူများလည်းရှိသည်။

ဒေးဗစ်ဘက်ခမ်း

ဒေးဗစ်ဘက်ခမ်းနှင့် ပတ်သက်၍လည်း ပြင်သစ်ကို ရှုံးရသည့် ပွဲအပေါ် အစာမကြေသူများရှိသည်။ ဒေးဗစ်ဘက်ခမ်းသည် အသင်းခေါင်းဆောင်မပီသဘဲ သာမန်မျှသာ ကစားခဲ့သည်ဟု ထင်မြင်ကြသည်။ ဒေးဗစ်ဘက်ခမ်း ပယ်နယ်တီကန်ပုံမှာ အလေးအနက်မရှိလှဘဲ ပြီးပြီးရောနိုင်လှသည်ဟု သုံးသပ်ကြသည်။ ဇီဒန်း ပယ်နယ်တီကန်ပုံနှင့် ဒေးဗစ်ဘက်ခမ်း ပယ်နယ်တီကန်ပုံ အနေအထားကို နှိုင်းယှဉ်ကြပြီး အားမလိုအားမရဖြစ်ကြသည်။

ယူရို ၂၀၀၄ ပြိုင်ပွဲဝင် အသင်းများအနက်မှ ချက်အသင်းခေါင်းဆောင် နက်ဗက်၊ ဟော်လန်အသင်းခေါင်းဆောင် ကိုကူး၊ ပြင်သစ်အသင်းခေါင်းဆောင်ဇီဒန်း၊ ဂျာမနီအသင်းခေါင်းဆောင် အိုလီဗာခန်း၊ အီတလီအသင်းခေါင်းဆောင် ကန်နာဗာရိုတို့နှင့် ယှဉ်လျှင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း၏ ပြင်သစ်နှင့်ပွဲကစားသွားပုံမှာ စိတ်အားထက်သန်မှု(Aggressive)မရှိဟု သုံးသပ်မိသည်။

အင်္ဂလန်နိုင်မည်

အင်္ဂလန်အသင်းအနေဖြင့် အုပ်စုတက်ရေးအတွက် ခရိုအေးရှားကိုသာ အဓိက ကျော်ဖြတ်ရဖွယ်ရှိပြီး ဆွစ်ဇာလန်ကို အနိုင်ရရန်မခက်ပေ။ ဆွစ်ဇာလန်၏ ခြေမှာထူးထူးခြားခြား ပြောစရာမရှိဘဲ သာမန်မျှသာရှိသည်။ ခရိုအေးရှားခြေမှန် မရသလို တိုက်စစ်မှူးများခြေမတွေ့၍သာ ဆွစ်ဇာလန်ပွဲဦးထွက် တစ်မှတ်ရလိုက်ခြင်းဖြစ်သည်။ နည်းပြအဲရစ်ဆင်သည် ပြင်သစ်နှင့်ပွဲတွင် လူစားလဲအမှားအချို့ရှိခဲ့သည်မှလွဲ၍ နည်းပရိယာယ်ကျွမ်းကျင်သူဖြစ်ရာ ဆွစ်ဇာလန်ကို အနိုင်ကစားရန် နည်းဗျူဟာချမှတ်ထားမည်ဖြစ်သည်။ စာရေးသူအနေဖြင့် အင်္ဂလန်အသင်းအနိုင်ရမည်ဟု ယုံကြည်သလို ဂိုးပြတ်သွားမလားဟုပင် တွေးထင်နေမိသည်။ အင်္ဂလန်နှင့်ပွဲတွင် ဆွစ်ဇာလန်အသင်း အလယ်တန်းလူ ဗိုဂျယ် အနီကတ်ထိထား၍ ပါဝင်ခွင့်ရမည် မဟုတ်ပေ။

ခရိုအေးရှားနှင့်ပြင်သစ်

ပြင်သစ်အသင်းသည် အင်္ဂလန်ကို အနိုင်ရထား၍ စိတ်ဓာတ်မြင့်မားလျက်ရှိသကဲ့သို့ ဘောလုံးသမားအင်အားအရ ကြည့်လျှင်လည်း ခရိုအေးရှားထက် အစစ အရာရာသာနေသည်။ ခရိုအေးရှား၏ခြေစွမ်းကို ဆွစ်ဇာလန်အသင်းနှင့်ပွဲကိုသာ ကြည့်၍ဆုံးဖြတ်လျှင် မှားပေလိမ့်မည်။ ခရိုအေးရှားအသင်းသည် ၁၉၉၄ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် တတိယဆုရခဲ့ပြီး တိုက်စစ်မှူး ဒေဗာဆူကာက ရွှေဖိနပ်ဆုရရှိခဲ့သည်ကို အမှတ်ရလျှင် ပြင်သစ်တို့ လျှော့မတွက်ရဲသည်ကတော့ အမှန်ပင်။ ယူရို၂၀၀၄ပြိုင်ပွဲဝင် ခရိုအေးရှားအသင်း၌လည်း ခြေစွမ်းထက်မြက်သော တိုက်စစ်မှူးများပါနေရာ ၎င်းတို့ ခြေမြူးလျှင် ပြင်သစ်နောက်တန်းနှင့် ဂိုးသမား ဘားသက်ဇ်ရင်ခံသွားနိုင်သည်။

သို့သော် ပြင်သစ်အလယ်တန်းမှ ဇီဒန်း၊ ဗီယာရာ၊ မက်ခီလီလီနှင့် ရောဘတ်စ်ပီရက်စ်တို့ အတွဲညီညီ ထိုးဖောက်မှုကို ခရိုအေးရှားနောက်တန်း တောင့်ခံရန် မလွယ်ပေ။ ပြင်သစ်နှင့် ခရိုအေးရှားပွဲတွင် ကွင်းလယ်ကို အဓိက စိုးမိုးထားမည်မှာ ပြင်သစ်အသင်းပင်ဖြစ်သည်။ ခရိုအေးရှားအသင်းသည် ပွဲအစပိုင်း၌ အထနှေးသည်ဖြစ်ရာ ပြင်သစ်တို့ စောစောစီးစီး ဂိုးရနိုင်ဖွယ်ရှိသည်။ ခရိုအေးရှားအသင်းက ကစားသမားများ ခပ်ကြမ်းကြမ်း (Foul-Play) ကစားတတ်၍ ဇီဒန်းက အလွန်တည်ကန်သော အကန်ကောင်းသည်နှင့် တော့ ကြည့်ကောင်းဦးမည်ဖြစ်သည်။ ဆွစ်ဇာလန်နှင့် ခရိုအေးရှားပွဲတွင် ခရိုအေးရှားမှ ဒါတိုပါဆို၊ ဘီဂျလီကာ၊ ဖီလန်ရာပါ၊ ဇစ်ကိုဗစ်နှင့် မော်နာတို့ အဝါကတ်များ လက်ဆောင်ရခဲ့သည်ကို ကြည့်နိုင်သည်။

ပြင်သစ်နိုင်မည်

ပြင်သစ်အသင်း၏ခြေစွမ်းနှင့် ပတ်သက်၍ အင်္ဂလန်နှင့်ပွဲတွင် မျက်ဝါးထင်ထင်မြင်ခဲ့ကြရပြီး ဖြစ်၍ အထူးတလည်ပြောရန် မလိုပေ။ ပြင်သစ်ခြေစွမ်းမှာ ချန်ပီယံသရဖူကာကွယ်နိုင်သည့် အနေအထားဖြစ်သည်။ ပြင်သစ်အသင်းသည် အင်္ဂလန်တောင်ကြီးကို ကျော်လွှားခဲ့ပြီးဖြစ်ရာ ခရိုအေးရှားမြစ်ကို ဖြတ်ကူးရန် တာစူနေပြီဖြစ်သည်။ ပြင်သစ်အသင်းသည် ခရိုအေးရှားကို အနိုင်ယူပြီး ကွာတားဖိုင်နယ်ပွဲအတွက် ကြိုတင်ရင်ခုန်နေ မည်ဟု စာရေးသူမြင်ယောင်နေမိပေသည်။ **(မြန်မာ့အလင်း)**

ဂျာမနီနှင့် ဟော်လန်ပွဲတွင် ဟော်လန်အသင်းအတွက် ချေပဂိုးကိုတိုက်စစ်မှူး နစ္စတယ်ရွိုင်း(မန်ယူ)က ဂျာမနီနောက်တန်းလူ ပိတ်ဆို့ထားသည့်ကြားမှ မြေမကျဘော ဉာ်သို့ ကန်သွင်းယူခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ချက်က လတ်ဗီးယားကို အကြိတ်အနယ်ကစားပြီးအနိုင်ရရှိ ရေပန်းမစားသည့်ဂျာမနီနှင့် လိမ္မော်ရောင်ဟော်လန်သရေကျ

ရန်ကုန် ဇွန် ၁၆

၂၀၀၄ ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ(Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ကျင်းပလျက်ရှိရာ အုပ်စု(ဃ) အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၅ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ချက်အသင်းနှင့် လတ်ဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ချက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဂျာမနီအသင်းနှင့် ဟော်လန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ချက်နှင့် လတ်ဗီးယား

ချက်က လတ်ဗီးယားကို အနိုင်ရမည်ဟုထင်ကြေးပေးခဲ့သည့်အတိုင်း အနိုင်ရရှိသွားသော်လည်း လတ်ဗီးယားအသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်သဖြင့် ချက်အသင်း ခက်ခက်ခဲခဲ ကစားပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချက်အသင်းမှ အသင်းခေါင်းဆောင် နက်ဗက်(ဂျူဗင်းတပ်)၊ ပိုဘော့စကီး၊ ဂျန်ခိုလာနှင့် မီလန်ဘားရို့စ်တို့ အတွဲအဖက်မိမိဖြင့် ထိုးဖောက်နိုင်သော်လည်း အဆုံးသတ်ညံ့နေသည်။ လတ်ဗီးယားအသင်းက တစ်ချီတစ်ချီတွင် တန်ပြန်တိုက်စစ်ဆင်နိုင်သည်မှလွဲ၍ ခြေရည်မတူဘဲဖြစ်နေသည်။ ချက်အသင်းက ကွင်းတစ်ဝက်ဖိ ကစားထားပြီး ဂိုးမသွင်းနိုင်ဘဲဖြစ်နေစဉ် ပွဲချိန် ၄၅ မိနစ်၌ လတ်ဗီးယားအသင်းက ဦးဆောင်ဂိုးရရှိသွားသည်။

လတ်ဗီးယား နောက်တန်းက ကန်တင်ပေးလိုက်သော ဘောလုံးကို



ချက်နှင့် လတ်ဗီးယားပွဲတွင် ချက်အတွက် ချေပဂိုးသွင်းပေးသူ မီလန်ဘားရို့စ်(၁၅)အား ဂိုးသွင်းပြီးနောက် ဉာ်သို့အောင်ပွဲခံပျော်မြူးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

ပရိုဟိုရင်ကော့ဗ်ရရှိသွားပြီး ချက်ဂိုးဧရိယာ ဘယ်ကြောမှ တောက်လျှောက်ဆွဲယူသွားကာ ဂိုးရှေ့သို့ အနေတော်ဖြတ်ချိုးပေးလိုက်သည့် ဘောလုံးကို လတ်ဗီးယားတိုက်စစ်မှူး ဗာပါကော့ဗ်စကီးက ပြေးဝင်ပိတ်သွင်းယူလိုက်ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ချက်အသင်း ဂိုးရရှိရေး အထူးကြိုးစားလာရာ လတ်ဗီးယားကွင်းဘက်မှာပင်ဘောလုံးရှိနေပြီး တစ်ဖက်သတ်ဖိကစားနိုင်ခဲ့သည်။ ပွဲချိန် ၇၃မိနစ်တွင် မီလန်ဘားရို့စ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၈၅မိနစ်တွင် မီလန်ဘားရို့စ် (လီဗာပူး)နှင့် လတ်ဗီးယားဂိုးသမားတို့ ဘောလုံးယှဉ်လုရင်း မီလန်ဘားရို့စ်က ဘောလုံးကို နောက်သို့ ပြန်ချပေးလိုက်ရာ ဟိန့်ဇ်က ပိတ်သွင်းယူသဖြင့် လတ်ဗီးယားဂိုးသမား ပြန်ပြေးလာသော်လည်း မမီတော့ဘဲ ဂိုးဝင်သွားခြင်းဖြစ်သည်။

ဂျာမနီနှင့်ဟော်လန်

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သော်လည်း ယူရို ၂၀၀၄ ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော အသင်းများထဲတွင် မပါဝင်သည့် ဂျာမနီအသင်းနှင့် လိမ္မော်ရောင်ဝတ်စုံပိုင်ရှင် ဟော်လန်တို့၏ပွဲတွင် ဂျာမနီက ဦးဆောင်ဂိုးသွင်းယူပြီးမှ ဟော်လန်က ချေပဂိုးသွင်းယူကာ တစ်မှတ်စီခွဲယူခဲ့ရခြင်းဖြစ်သည်။

ဂျာမနီအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်မိနစ် ၃၀ တွင် ဟော်လန်အသင်း ပယ်နယ်တီဧရိယာ၏ ညာဘက်ယွန်းယွန်း၌ ရရှိသော အလွတ်တည်ကန်ဘောကို ဖရိုင်းက ဂိုးရှေ့သို့ ဖြတ်တင်ပေးရာ နှစ်ဖက်ကစားသမားများနှင့် ဂိုးသမား ဗန်ဒါဆားတို့ကြားမှဖြတ်၍ မြေထောက်ပြီး ဂိုးတိုင်ထိ ဝင်သွားသည်။

ဒုတိယပိုင်းတွင် ဟော်လန်အသင်းက အရှုံးဂိုးချေပနိုင်ရေးအတွက် လူစားလဲကစားရာ ကစားကွက်ပိုကောင်းလာသည်။ ဘယ်ခြမ်းမှကစားသော ဇင်ဒင်းအစား အိုဗားမားစ် ဝင်လာရာ ဘယ်ကြောမှ ထိုးဖောက် မွှေနှောက်၍ကစားနိုင်ခဲ့သည်။ ဟော်လန်အသင်းအတွက် ချေပဂိုးကိုပွဲချိန် ၈၁မိနစ်တွင် ဗန်ဒါမေဒီ ညာတောင်ပံမှ ဂိုးရှေ့သို့ ဖြတ်တင်ပေးသော ဘောလုံးကို ဂျာမနီ နောက်တန်းလူတစ်ဦးကာထားသည့်ကြားမှ နစ္စတယ်ရွိုင်း(မန်ယူ)က လူကိုလှည့်ပြီး မြေမကျကန်သွင်း၍ ဂိုးသမားကြီးအိုလီဗာခန်းမည်သို့မျှ မတတ်နိုင်ဘဲဂိုးဝင်သွားခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ပထမပိုင်းတွင် ဟော်လန်အသင်းကို ခြေရည်တူသူတင်ကိုတင် ကစားနိုင်ပြီး ဦးဆောင်ဂိုး ရရှိခဲ့သည်။ သို့သော် ဒုတိယပိုင်းတွင် ဟော်လန်အသင်းကို တစ်ဂိုးပြန်ပေးလိုက်ရပြီး Goal မရှုံးသော်လည်း Play ရှုံးခဲ့ရသည်။ ဂျာမနီရှေ့တန်းတွင် ကူရာညီ တစ်ဦးတည်းကို တင်ကစားသလို ဟော်လန်ရှေ့တန်း၌လည်း နစ္စတယ်ရွိုင်းကို အထောင်ကစားခဲ့သည်။ ဂျာမနီ တိုက်စစ်မှူး ကူရာညီပထမပိုင်း၌ အဝါကတ်ထိခဲ့သည်။ နစ္စတယ်ရွိုင်းခြေစွမ်း ပြကစားနိုင်သော်လည်း ဂျာမနီ ဂိုးသမားကြီး အိုလီဗာခန်းက နစ္စတယ်ရွိုင်း၏ အထာကို ကြိုတင်တွက်ဆပြီး ပိတ်ဆို့ကာကွယ်နိုင်ခဲ့ပေသည်။

(မြန်မာ့အလင်း)

■ အုပ်စု(ဃ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ချက်	၁	၁	–	–	၂	၁	၃
၂	ဂျာမနီ	၁	–	၁	–	၁	၁	၁
၃	ဟော်လန်	၁	–	၁	–	၁	၁	၁
၄	လတ်ဗီးယား	၁	–	–	၁	၁	၂	၀

အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်း နှစ်သင်းခွဲခြေစမ်း

ရန်ကုန် ဇွန် ၁၆

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ်လအတွင်းကျင်းပမည့် အယ်လ်ဂျီဖလား (L.G Cup) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏နှစ်သင်းခွဲ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ပဏာမ လက်ရွေးစင်(က)အနီရောင်အသင်းက ပဏာမလက်ရွေးစင် (ခ) အဖြူရောင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပဏာမလက်ရွေးစင်(ခ)အဖြူရောင်အသင်းအတွက် မာလက ပထမဂိုး၊ ထွန်းထွန်းဝင်းက ဒုတိယဂိုး (ပယ်နယ်တီ)ကို သွင်းယူပေးရာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ဒုတိယအပိုင်းတွင် ပဏာမလက်ရွေးစင် (က) အနီရောင်အသင်းအတွက် မျိုးမင်းထွန်း၊ ဘိုဘိုအောင်နှင့် ချစ်ကိုကိုတို့က တစ်ဂိုးစီသွင်းယူပေးသဖြင့်ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပဏာမလက်ရွေးစင်(က)

ပဏာမလက်ရွေးစင်(က)အနီရောင်အသင်းတွင် (**ဂိုး**) ကိုကိုအောင်၊ (**နောက်တန်း**) စိုးလင်းထွန်း၊ ဇော်ထက်အောင်၊ အောင်ထွန်းလင်း၊ အောင်ဟိန်းလတ်၊ (**အလယ်တန်း**)ချစ်ကိုကို၊ မျိုးမင်းထွန်း၊ မောင်မောင်မြင့်(လွင်ဦး)၊ ဘိုဘိုအောင်၊ (**ရှေ့တန်း**) ရန်ပိုင်နှင့် ထွန်းမင်းဦးတို့ ပါဝင်ကစားကြသည်။

ပဏာမလက်ရွေးစင်(ခ)

ပဏာမလက်ရွေးစင်(ခ)အဖြူရောင်အသင်းတွင်(**ဂိုး**)ကျော်မင်းလှိုင်(သိန်းဇော်ထိုက်)၊ (**နောက်တန်း**)ဟန်ဝင်းအောင်၊ငွေအောင်၊ ကျော်ခိုင်ဝင်း၊ အောင်ဇော်မျိုး (ကျော်ကျော်လင်း)၊ (**အလယ်တန်း**) ထွန်းထွန်းဝင်း၊ မောင်မောင်အောင်၊ ကျော်ဇင်ဝင်း၊ မာလ (အောင်ကျော်မိုး)၊ (**ရှေ့တန်း**) ဇော်ထိုက်နှင့် ဆန်းဒေးသိန်းတို့ ပါဝင်ကစားခဲ့ကြသည်။

ဒုတိယခြေစစ်ပွဲ

ပဏာမလက်ရွေးစင်(က)အနီရောင်အသင်းနှင့်ပဏာမလက်ရွေးစင် (ခ)အဖြူရောင် အသင်းတို့၏ ဒုတိယခြေစမ်းပွဲစဉ်ကို ဇွန်၁၈ ရက် ညနေ ၄ နာရီတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဆရာဝန်အသင်းဆေးပညာ စာပေးစာယူသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေးယူနစ် (CME) က ကြီးမှူး ဖွင့်လှစ်သော အနယ်နယ်အရပ်ရပ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems(Year - 2004) စာပေးစာယူသင်တန်းကို ဇွန် ၂၂ ရက်မှဩဂုတ် ၂၂ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များသည် ရုံးချိန်အတွင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး ရုံးအဖွဲ့မှူး (ဖုန်း-၃၇၈၈၆၃၊ ၂၈၅၁၆၉)ထံသို့ဆက်သွယ်စုံစမ်းပြီး စာရင်းသွင်း သင်တန်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်
တက္ကသိုလ်လာလမ်း၊ အမှတ် ၃၆၉နေ
ဦးမောင်ဦး[လ/ထညွှန်မှူး-ငြိမ်း(ကကဌေ)]-ဒေါ်အုန်းကျင်(ကျောင်းအုပ်-ငြိမ်း)တို့၏ သားကြီး

ဗိုလ်ကြီးမင်းဦး

M.B.,B.S (Ygn),M.Med.Sc(Pathology)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၅၅၈နေ
ဦးဝင်းရှိန်(ဗဟိုကုန်သွယ်ရေးဘတ်ဂျက်နှင့်စာရင်း-ငြိမ်း)-ဒေါ်တင်စိုးတို့၏ သမီးငယ်

မရှိန်သော်တာစိုး

B.Sc (Hons)(Physics),M.Sc Part(1)

တို့၏ ၅-၆-၂၀၀၄ရက်(စနေနေ့)တွင် အမှတ် ၅၅၈နေအိမ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီးဒေါ်အေးအေးသိန်းအားလည်းကောင်း၊ ၁၂-၆-၂၀၀၄ ရက် (စနေနေ့)တွင် Yuzana Garden Hotel၌ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀) မင်္ဂလာဒုံတပ်မှူး ဗိုလ်မှူးချုပ်သိန်းစိန်နှင့်ဇနီး ဒေါက်တာဒေါ်ရီစီမြသန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော အမှတ်(၂)တပ်မတော်ဆေးရုံခုတင် (၅၀၀)တပ်မှူး၊ ဗိုလ်မှူးချုပ်မင်းနိုင်နှင့်ဇနီးဒေါ်ကြူကြူခင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ နှစ်ဖက်သောညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးကျော်စိုးဦး၊ သတို့သားအရန်ဗိုလ်ကြီးမျိုးမင်းထွေးနှင့်သတို့သမီးအရန် ဇာဏီမြင့်၊ မင်္ဂလာပန်းကြဲပေးသော မနေကြည်သက်ပိုင်၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဇန်းကိုင်ဆောင်ပေးသော မသီရိညီ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး၊ ပန်းအလှပြင် နီနီပွိုင့်၊ မိတ်ကပ်ဆံပင်ခင်စန်းဝင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသောမစိမ်းမို့မို့၊ တေးသံသာများနှင့်သီဆိုဖျော်ဖြေပေးသော The Acesတီးဝိုင်းနှင့်အဖွဲ့သားများ၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ရွှေကပ်ကြေးအဖွဲ့သားများ၊ အစစအကူအညီပေးသော ဒေါ်မိုးမိုး(အမေ့အိမ်ဘော်ဒါ)၊ Yuzana Garden Hotelမှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသော မိဘညီအစ်ကိုမောင်နှမများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးမင်းဦး-မရှိန်သော်တာစိုး။

မွေးနေ့ဆုတောင်း

အချစ်ဆုံး တစ်ဦးတည်းသောသားလေး **မောင်ဘုန်းဟိန်းကျော်** (KODOMO)၏ (၁၇-၆-၂၀၀၄)ရက်တွင် ကျရောက်သော **"(၃)နှစ်မြောက်မွေးနေ့"**မှသည် ချစ်သော ဖီးဖီး၊ ဘိုးဘိုးဘွားဘွားများ၊ ဖေဖေ မေမေတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်ရပြီး လိမ္မာရေးခြားရှိ၍ ဉာဏ်ရည် ထွင်လန်းထက်မြက်သည့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော ပညာတတ်သားကောင်းရတနာလေး ဖြစ်ပါစေ...။

ဖီးဖီး – ဒေါ်သန်းကြည်
ဘိုးဘိုး ဘွားဘွားများ – ဗိုလ်မှူးချုပ်ကျော်ဆန်း+ဒေါ်ကြည်ကြည်ဝင်း
Prof.သိန်းဝင်း(Pro.Rector,WYU)+ဒေါ်နွဲ့နွဲ့ဝင်း
ဖေဖေ – Dr.ဟိန်းလတ်ဝင်း M.Med.Sc(Ortho)
မေမေ – Dr.ထားကြည်ဆန်း M.Med.Sc(Biochemistry)
ဦးဦး၊ ဒေါ်ဒေါ်များနှင့် ညီမလေး – လဝန်းရွှန်းလက်

ရွှေညဝါအောင်ပွဲနှင့် ဘွဲ့နှင်းသဘင်ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ကြည့်မြင်တိုင်မြို့နယ် နိုင်ငံတော် သာဓုပရိယတ္တိ စာသင်တိုက်အတွင်း၌ ရွှေညဝါ သင်တန်းအောင်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၁၉ရက်(စနေနေ့)မွန်းလွဲ ၁ နာရီမှစတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ သံဃာတော်အပါး ၁၀၀၀ကျော်တို့အား သံဃဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကိုလည်း ကျင်းပမည်ဖြစ်ရာ ကြည့်မြင်တိုင်၊စံပြငါးဈေး၊ ကမာရွတ်အစရှိသော ရွှေညဝါ၏ ဒါယကာ၊ဒါယိကာမ ခုနစ်ရက်သားသမီးအလှူရှင်များအား ဖိတ်ကြားထားကြောင်းသိရသည်။**(က-ပ)**

ငွေရတုမင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင်ချစ်ဖေဖေ**ဦးအောင်ဇော်မြင့်** (M.D၊ ရွှေဝါလင်းကုမ္ပဏီလီမိတက်)နှင့် ချစ်မေမေ**ဒေါက်တာမြတ်မြတ်အုန်းခင်**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)တို့၏ ၁၇-၆-၂၀၀၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်ကျရောက်မည့် ရွှေရတု၊ စိန်ရတုမင်္ဂလာရက်မြတ်ပေါင်းများစွာသို့တိုင် ချစ်သောသား၊ သမီးများနှင့်အတူ သာယာအေးချမ်းသော အနာဂတ်ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး– နန်းကလျာဇော် B.A(English), Dip in Jap, Dip in C.S
ချစ်သား – ပြည့်ဖြိုးဇော် B.A(Business Management)
ချစ်သမီးငယ်– ခင်အိန္ဒြာဇော်(ဂျူးဂျူး)



ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အများသိစေရန်အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာနေ ဒေါ်နန်းနွန်း ၁၃/တခလ(နိုင်) ၀၅၉၉၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်နန်းနွန်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ မြို့ကွက်သစ်အပိုင်း(ဃ)၊အကွက်အမှတ် (၂)၊ ဦးပိုင်အမှတ် (၇၀)၊ မြေဧရိယာ (၀ဒသမ ၁၁၀)ဧက မြေကွက်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းကောင်ခမ်း ၁၃/ကတန(နိုင်) ၀၀၅၇၄၃ ထံမှ ငွေအပြည့်အဝပေးချေ၍ အပြီးအပိုင် ဝယ်ယူလက်ရောက်ရရှိပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဒေါ်နန်းကောင်ခမ်းမှ သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဤကြော်ငြာပါသည့်နေ့မှ စ၍ ၁၅ ရက် အတွင်း ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ- **ဦးသိန်းထွန်း L.L.B ၊ အထက်တန်းရှေ့နေ(၂၁၉၅၆)**
အမှတ် ၇/ ၈၆၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့။

"ကုန်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို သတိပြုကြရန်"

ရန်ကုန်မြို့၊ GENERAL PAINTS & CHEMICAL CO.,LTD

သည် BOSNY-AEROSOL SPRAY PAINT များကိုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ တရားဝင်မှတ်ပုံတင်၍ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါသည်။



REG:No. 2390/96

ယင်းကုန်စည်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို သတိပြုဝယ်ယူ သုံးစွဲကြစေလိုပါသည်။ ယင်းကုန်စည်တံဆိပ်နှင့် ထုတ်လုပ်မှုအမှတ်များကို အတုအပ ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တရားမဝင်ဆင်တူယိုးမှား တံဆိပ်အား ဝယ်ယူရောင်းချခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖြန့်ဖြူးရောင်းချခြင်းများကို မပြုလုပ်ကြရန်နှင့် သို့ပါလျက်မှ ယင်းသို့ပြုလုပ်ကြသည်ရှိသော် သက်ဆိုင်ရာ ဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

ညွှန်ကြားချက်ဖြင့်- **ဦးသန်းအောင် (ဝိဇ္ဇာဘွဲ့နှင့်ဥပဒေဘွဲ့ ရ)**
တရားရုံးချုပ်ရှေ့နေ – ၁၃၆၇
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ဘောလုံးပြိုင်ပွဲ

စွမ်းအင်က အချိန်ပိုတွင်ရွှေဂိုးဖြင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကိုအနိုင်ရဗိုလ်စွဲ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇွန် ၁၄ရက် ညနေ ၃နာရီက လှုင်ယဉ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင် ကျင်းပရာ ၁၉၈၇ခုနှစ်က အဆင့်မြင့်တန်း ကွင်းပိတ်ရှုံးထွက်ဘောလုံးပြိုင်ပွဲတွင် ပထမဒိုင်းဆု ဆွတ်ခူးပြီး

၂၀၀၃–၂၀၀၄ ခုနှစ် အဆင့်မြင့်တန်း ကွင်းပိတ် (ရှုံး/ထွက်)ဘောလုံး ပြိုင်ပွဲ ပထမ ဒိုင်းဆုရ စွမ်းအင် ဝန် ကြီး ဌာ န ဘောလုံး အသင်း အား မြန်မာနိုင်ငံ အိုလံပစ် ကော် မ တီ ဥက္ကဋ္ဌ အား က စား ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်မှူး ချုပ် သူရအေးမြင့် က ဒိုင်းဆုကြီး ချီးမြှင့်စဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး၊ မြန်မာ့အလင်း)

၁၇နှစ်တိုင် ပထမဆုနှင့် ဝေးကွာနေသည့် စွမ်းအင်ဝန်ကြီးဌာန ဘောလုံးအသင်းက အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမနှင့် မြန်မာ့လက်ရွေးစင် အများဆုံးပါဝင်သည့် ဘဏ္ဍာ/အခွန် ဘောလုံးအသင်းကို အချိန်ပိုတွင် နောက်တန်းကစားသမား ကြည်အောင်၏ ရွှေဂိုးဖြင့် အနိုင်ယူ ဗိုလ်စွဲနိုင်ခဲ့သည်။ ဆယ်စုနှစ်ကျော် ကြာအောင် ပထမဒိုင်းနှင့် အလှမ်းဝေးနေသည့် စွမ်းအင်ဝန်ကြီးဌာနသည် ယခုဗိုလ်လုပွဲတွင် အနိုင်ရရှိပြီး ပထမဒိုင်းဆုကြီးကို တစ်ကျော့ပြန် ပြန်လည် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်လုပွဲတွင် စွမ်းအင်အသင်းမှ **ဂိုး**–ကျော်မင်းလှိုင်၊ နောက်တန်း အေးမင်းထွန်း (အောင်နိုင်စိုး)၊ မင်းမင်းထွန်း၊ ဇော်ထက်အောင်၊ ကြည်အောင်နှင့် အောင်ကျော်မိုး၊ **အလယ်တန်း**–ရန်နောင်စိုး၊ ဝေယံမောင် (မျိုးဇော်ဦး)၊ ကျော်မျိုးဟန် (ဇော်မင်း)၊ **ရှေ့တန်း**–နိုင်ဝင်းနှင့် ထွန်းထွန်းအေး တို့ ပါဝင် ကစားခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် စွမ်းအင်ဝန်ကြီး ဌာနအသင်းမှ အုပ်ချုပ်သူ ဦးမြင့်ဌေး ညွှန်ကြားရေးမှူး (ကမ်းလွန်) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း နှင့် နည်းပြချုပ် ဦးမျိုးဝင်းတို့အား မြန်မာ့အလင်းမှ တွေ့ဆုံ၍ ကြိုတင် ပြင်ဆင်မှုနှင့် ပြိုင်ပွဲအတွေ့အကြုံများကို တွေ့ဆုံမေးမြန်းခဲ့ရာ အုပ်ချုပ်သူ ဦးမြင့်ဌေးက–

မိမိအသင်း အောင်ပွဲရတဲ့ အတွက် ဝမ်းသာမှု၊ ကြိုတင် ပြင်ဆင်မှုအခြေ အနေကိုအသင်း အုပ် ချုပ် သူ ဦး မြင့် ဌေး ညွှန်ကြားရေး မှူး (ကမ်း လွန်) မြန် မာ့ ရေ နံ နှင့် သ ဘာ ဝ ဓာတ်ငွေ့ လုပ် ငန်းက မြန်မာ့ အလင်းသို့ ပြော ကြားစဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး၊ မြန်မာ့အလင်း)

"မိမိတို့အသင်း လွန်ခဲ့တဲ့နှစ်နှစ်၊ သုံးနှစ်က ဒုတိယဆုတွေနဲ့သာကျေနပ်ခဲ့ရပြီး ပထမအကြိမ် အနိုင်ရဗိုလ်စွဲခဲ့သည်မှာ ဆယ်စုနှစ်ပင် ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ဒီအတွက် ပထမဆုချိတ်ရန် ရည်မှန်းချက်ထားပြီး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ပြီး လေ့ကျင့်ခဲ့ကြောင်း၊ ဝန်ကြီးနှင့်တကွ တာဝန်ရှိသူ အားလုံး ဝိုင်းဝန်းပံ့ပိုးမှု၊ မိမိကလေးတွေအသင်းအောင်နိုင်ရေး အတွက် အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာ ကြိုးစားကစားခဲ့ကြသဖြင့် ယခုကဲ့သို့ အောင်ပွဲဆင်နိုင်ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် မိမိတို့ အနိုင်ရထားသော်လည်း ဘဏ္ဍာ/အခွန် အသင်းကို လျှော့တွက်မထားကြောင်း၊ ၎င်းတို့ အသင်းတွင် လက်ရှိ မြန်မာ့လက်ရွေးစင် အများစုပါဝင်ပြီး မိမိအသင်းမှာ အနည်းစုသာ ပါဝင်သော်လည်း စိတ်ဓာတ်မကျအောင်၊ အားတက်အောင် အစွမ်းကုန် လေ့ကျင့်မှုပြုခဲ့ကြောင်း၊ ဗိုလ်လုပွဲ စကစားလျှင် မိမိအသင်း အလယ်တန်းမှ ကစားကွက်မမိဘဲ အပေးအယူ အဆင်းအတက်လွဲမှားနေ၍ လူစားလဲကစားခဲ့ရကြောင်း၊ ပွဲမစခင်က နိုင်လိုစိတ်ရှိသော်လည်း စိုးရိမ်ပူပန်မှုတော့ ရှိခဲ့ကြောင်း၊ ပထမပိုင်း မိနစ် ၂၀ နောက်ပိုင်းကျမှ ရှေ့၊ လယ်၊ နောက် အချိတ်အဆက် မိလာပြီး ပွဲပြီးဆုံးချိန်အထိ မိမိကလေးတွေ စုစည်းညီညွတ်စွာ အထူးကြိုးစားကစားသွားခဲ့ကြ၍ ယခုလို အောင်ပွဲဆင်နိုင်ခြင်း ဖြစ်ကြောင်း၊ အောင်မြင်မှုအတွက် အထူးပင်ဝမ်းသာဂုဏ်ယူပီတိဖြစ်မိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အ မှတ် ပေး ဘော လုံး ပြိုင် ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန် ဝန် ကြီး ဌာ န အ သ င်း အား မြန် မာ နိုင်ငံ အိုလံပစ် ကော် မ တီ ဥ က္က ဋ္ဌ အား က စား ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုချီးမြှင့်စဉ်။ (ဓာတ်ပုံ–သိန်းဝင်းလေး၊ မြန်မာ့အလင်း)

နည်းပြချုပ် ဦးမျိုးဝင်းက ပြောကြားရာတွင် "ယခုလို အောင်ပွဲဆင်နိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းသာဂုဏ်ယူမိကြောင်း၊ မိမိတို့ယခုဗိုလ်လုပွဲ အောင်မြင်ရေးအတွက် အထူးပြင်ဆင်ခဲ့ကြောင်း၊ ယခုပွဲတွင် ၁–၄–၃–၂ ကစားကွက်ကို အဓိကထားပြီး ကစားကွက်ကို လိုအပ်သလို ပုံဖော်ကစားခဲ့ကြောင်း၊ နောက်တန်းလူ ကျော်ခိုင်ဝင်း အကြိုဗိုလ်လုပွဲတွင် အနီကတ်ပြ အထုတ်ခံထား၍ ယခုဗိုလ်လုပွဲ ကစားရာမှာ အခက်အခဲရှိခဲ့ကြောင်း၊ မိမိတို့ ပြိုင်ဘက် ဘဏ္ဍာ/အခွန်အသင်းက အသင်း ကောင်းတစ်သင်းဖြစ်၍ အထူးသတိထားပြီးကြိုးစားကစားခဲ့ရကြောင်း၊ ပွဲစလျှင်မိမိတို့အလယ်တန်းဟာနေပြီး ရှေ့၊ လယ်၊ နောက် အချိတ်အဆက် မမိဘဲ ရှိနေ၍ ကွင်းလယ် ကစားသမား ဝေယံမောင်အစား မျိုးဇော်ဦးကို လဲကစားသည့်အတွက် ကစားကွက် ပြန်မိလာပြီး အနိုင်ဂိုးပါ သွင်းယူနိုင်ခဲ့ကြောင်း၊ မိမိတို့ မိနစ်၂၀နောက်ပိုင်းကျမှ ကွင်းလယ်ကစားကွက်ကို အသာစီးရယူနိုင်ခဲ့ကြောင်း၊ နောက်တန်းလူ အေးမင်းထွန်း နာသွား၍ ၎င်းနေရာတွင် လူသစ်တစ်ဦးဖြစ်သည့် အောင်ခိုင်စိုးနှင့် လူစားလဲခဲ့ရကြောင်း၊ မိမိအသင်းခေါင်းဆောင်ကျော်မျိုးဟန် နာသွား၍ သူ့နေရာတွင် ဝါရင့်ကစားသမား ဇော်မင်းကို ထည့်ကစားရာမှ ပိုမို အဆင်ပြေသွားကြောင်း၊ ချေပဂိုး ပေးလိုက်ရသည့်အတွက် မိမိတို့ အရှုံးခံစားရပြီး စိတ်လှုပ်ရှားခဲ့ရကြောင်း၊ အချိန်ပိုတွင် ကြည်အောင်က အဝေးမှ အမှတ်မထင် ကန်သွင်းယူသည့် ရွှေဂိုးကြောင့် မိမိတို့အသင်း ဗိုလ်စွဲနိုင်ခြင်းဖြစ်ကြောင်း၊ ပထမဒိုင်းဆုကြီးနှင့် ဝေးနေသည်မှာ မိမိတို့ ၁၇နှစ်ကျော် ကြာခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ် ပြိုင်ပွဲကျမှ ပထမဒိုင်းဆုကြီး ပြန်လည်ရရှိတဲ့အတွက် အရမ်းကို ဂုဏ်ယူ ဝမ်းမြောက်ကြောင်း၊ ယခုရရှိသည့် အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းပြီး ကြိုးစားယှဉ်ပြိုင် သွားမှာ ဖြစ်ကြောင်း" ပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်း(ကွင်းပိတ် ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ပထမဒိုင်းဆုရ စွမ်းအင်ဝန်ကြီးဌာနအသင်းအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့်အတူ ဆုယူအပြီး တွေ့ရစဉ်။

(ဓာတ်ပုံ–သိန်းဝင်းလေး၊ မြန်မာ့အလင်း)

ရဲချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၄ခုနှစ် (၁၄)ကြိမ်မြောက် ရဲချုပ်ဒိုင်း စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၉နာရီက ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်းက ဆုများပေးအပ်သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်းက အမှာစကားပြောကြား၍ အကောင်းဆုံးတစ်ဦးချင်း (ခုံ)ဆုရတပ်ဖွဲ့ဝင် ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(ရေး)က လည်းကောင်း၊ အသင်းလိုက်ပထမဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့အသင်းနှင့် တတိယဆုရ မကွေးတိုင်းရဲတပ်ဖွဲ့အသင်းတို့အား ညွှန်ကြားရေးမှူး(ထောက်)က လည်းကောင်း ချီးမြှင့်ပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒိုင်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ သုံးနှစ်ဆက်တိုက် ပထမဆုရ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်းက ပေးအပ်ချီးမြှင့်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၊ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်း ရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ သင်တန်းကျောင်းများနှင့် ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့တို့မှ အသင်းပေါင်း ၂၁သင်း ပါဝင် ယှဉ်ပြိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၇ ရက်က မီးသတ်ဦးစီးဌာန၏ အခြေခံ ဆေးတပ်စု သင်တန်းအမှတ်စဉ် (၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင် မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပရာ ဗဟိုမီးသတ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး သောင်ဇင်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။
(မီးသတ်ဦးစီး)

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ပထမနှစ်ဝက်အတွက် ငွေနှင့်ဝတ်စုံစရိတ်ထောက်ပံ့

မော်လမြိုင် ဇွန် ၁၀

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်(ပထမနှစ်ဝက်)အတွက် ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ် ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၃ ရက်က မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အောင်ဆန်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် မွန်ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသိမ်းဆွေ တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပညာသင်စရိတ်နှင့် ဝတ်စုံစရိတ် ပေးအပ်ပွဲကို ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူ ခုနစ်ဦး အတွက် ကျောင်းသူ မသန္တာဝင်းအား လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ သုံးဦးအတွက် ကျောင်းသား မောင်သက်ပိုင်လင်းအား လည်းကောင်း၊**(အောက်ပုံ)** ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးသိမ်းဆွေက အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦးအတွက် ကျောင်းသူ မဝင်းရတနာဦးအား လည်းကောင်း၊ မူလတန်းအဆင့်ကျောင်းသားကျောင်း သူ လေးဦးအတွက် ကျောင်းသား မောင်ရဲအာကာမင်းဆွေအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ဝန်ထမ်းများ ကိုယ်စား စာရေးဝန်ထမ်းအဆင့်(၂) ဒေါ်နီလာလင်းသန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၆၈)**

ဇွန် ၅ရက်က ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရန်မျိုးအောင်-ရုံးတုံးကျေးလက်မြေသားလမ်းပေအရှည် ၄၄၀၀ကိုကျောက်ချောလမ်းခင်းရန်အတွက်ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးစိန်မှန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့ ကျောက်ချောခင်းမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြစဉ်။ (က-ပ)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ညောင်ဦး ဇွန် ၂

ညောင်ဦးမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်းတွင် မေ ၂၇ ရက်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပသည်။ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ပညာရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခြင်းနှင့် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌဒေါ်မြင့်မြင့်သန်းက အမျိုးသမီးရေးရာက ကြီးမှူးဖွင့်လှစ်ထားသည့် မြို့မစေတနာညကျောင်းနှင့် ပတ်သက်သောကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော အသင်းအဖွဲ့များနှင့် ကျောင်းသား မိဘများက အလှူငွေများ ပေးအပ်ကြပြီး ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်အေးအေးက မူလတန်းကလေးငယ်များကို ကျောင်းသုံးစာအုပ်များ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(၃၀၀)**

မေ ၃၁ ရက်က ပုသိမ်ခရိုင် ငပုတောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပညာပေးဟောပြောပွဲကျင်းပရာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မာလာဝင်းကဟောပြောစဉ်။
(မြို့နယ်ပြန်/ဆက်)

ဆေးလိပ်မသောက်ရေးနေ့ ရွှေဘိုမြို့နယ်၌ ကျင်းပ

ရွှေဘို ဇွန် ၃

ရွှေဘိုမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက် နံနက် ၁၁နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့"အထိမ်းအမှတ်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ငွေက "ကမ္ဘာ့ဆေးလိပ်မသောက်ရေးအထိမ်းအမှတ်နေ့"သည် (၁၆)နှစ် ပြည့်မြောက်ခဲ့ပြီး ယခုနှစ်ဆောင်ပုဒ်မှာ"ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝ ချမ်းသာရ" ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားကာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကြံပေး အရာရှိ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာသန်းထွဋ်က "ဆေးလိပ်သောက်ခြင်း အန္တရာယ်"အကြောင်း ဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ကော့သောင်း၌ကျင်းပ

ကော့သောင်း ဇွန် ၄

၂၀၀၄-၂၀၀၅ ပညာသင်နှစ် တနင်္သာရီတိုင်း ကော့သောင်းမြို့ မြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းနှင့် တိုင်းလက်ထောက်ပညာရေးမှူး ဦးခင်အောင် တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့နှင့် အသင်းအဖွဲ့များက လှူဒါန်းငွေနှင့် ကျောင်းသုံးစာအုပ်များကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)** **(၃၈၉)**

သောက်သုံးရေရရှိရေး ကန့်ဘလူ၌ စက်ရေတွင်းတူးဖော်

ကန့်ဘလူ ဇွန် ၈

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇွန် ၄ ရက်က ကျေးလက် စက်ရေတွင်းများကို တူးဖော်ပေးလျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှရွှေ တို့က ကန့်ဘလူမြို့နယ် ပုပ္ပားကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်မှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက် ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေ ၁၁၂၅ သိန်းဖြင့် ကျေးလက်ဒေသ စက်ရေတွင်း ၁၅တွင်းနှင့် ကျေးလက်လက်နှိပ်တုံကင်တွင်း ငါးတွင်းတို့ကို ကျေးရွာ ၂၀ တွင် တူးဖော်ဆောင်ရွက်ပေးရန် စီမံချက်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

ဇွန် ၁ ရက်က မင်းပြားမြို့ အလယ်ပိုင်းရပ်ကွက် ကမ်းနားလမ်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် လမ်းကူးတံတား တည်ဆောက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၁၇-၆-၂၀၀၄
(ကြာသပတေးနေ့)
နံနက်ပိုင်း

- ၀၇:၀၀ တရားတော်
- (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

- ၁၁:၁၅ စိုက်ပျိုးစွမ်းအား ခေတ်ကျော်လွှား (ငရုတ်ကောင်းစိုက်ပျိုးရေး)
- ၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)မိုဗံဒစ် (နတ်နွယ်-မြန်မာပြန်သည်) (၂)အထက်တန်းကျောင်းသားများ အတွက် လက်ရွေးစင်ကဗျာများ (ဆရာဦးသိန်းလွင်)
- ၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် ရေသန့်သန့် သောက်သုံးနိုင်ဖို့အကြောင်း- မောင်ဆုရှင်)
- ၁၂:၃၀ အစာနှင့်အာဟာရ(၀၃)

ညနေပိုင်း

- ၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၁၅ သုတရေးရာဖြေကြားလွှာ
- ၁၈:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (မေတ္တာစာ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်(အသစ်)အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက် (၃/၂၀၀၄)

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက် (၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် သတ်မှတ်လုပ်ကွက် (အသစ်) အဖြစ် အကွက်ရိုက် သတ်မှတ်ပေးရန် သတင်းပေးတင်ပြလွှာပုံစံ(မကလ/သမ-၁)ဖြင့် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအနက် ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး လုံးခင်း၊ ဖားကန့်ဒေသတွင် အကွက်ရိုက် သတ်မှတ်ထားသည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ/အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ သတ်မှတ်လုပ်ကွက် (အသစ်)များကို ဈေးပြိုင်စနစ်ဖြင့် အဆိုပြုလွှာများတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း/ခွင့်ပြုမိန့် မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရှိရမည့်အပြင်၊ ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ/အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉) အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်းလိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

